# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၄) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
## (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း

## ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၄၄ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၀.၇၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၄-၇-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်တဲ့ ဦးရေ ၃၄၄ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၈၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၈၂ ဦးအနက် ၇၁ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၁ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၂) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၃) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၄) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၅) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၆) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၇) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၈) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၉) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၁၀) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်နှင့်

(၁၁) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၈၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ပါမယ်။ မေးခွန်းများကို မိမိတို့ တင်ပြထားတဲ့အတိုင်း ဖတ်ကြားမေးမြန်းဖို့ဖြစ်ပါတယ်။

**ကြို့ပင်ကောက်မြို့နယ်တွင်မြို့နယ်တရားရုံး၊ ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ဦးသန့်ဇင်ကိုယ်စား အုတ်ဖိုမဲဆန္ဒနယ် မှ ဦးတင်ထွေးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြို့ပင်ကောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ရဲ့ကိုယ်စား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ကြို့ပင်ကောက်မြို့နယ်တွင် မြို့နယ်တရားရုံး၊ ဥပဒေရုံးရဲ့ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်မှာ မြို့နယ်တရားရုံး၊ ဥပဒေရုံးနဲ့ ဝန်ထမ်းအိမ်ရာများဟာ အပိုင်မရှိသေးဘဲ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အရပ်အခေါ်ကတော့ စုပေါင်းရုံးမှာ ငှားရမ်းဖွင့်လှစ်ထားပြီးတော့ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများအနေနဲ့လည်း ရပ်ကွက်ထဲရှိ နေအိမ်များမှာ ငှားရမ်းနေထိုင်နေရကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ကြို့ပင်ကောက်မြို့နယ်အတွင်းမှာ မြို့နယ်တရားရုံး၊ ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

[ဦးသန့်ဇင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ် ကိုယ်စား ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ် မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ် တရားရုံးနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး လက်ရှိအခြေအနေမှာ ကြို့ပင်ကောက်မြို့နယ် တရားရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် အဆောက်အအုံမှာ အလျား ၁၇၆ ပေ x အနံ ၂၂ ပေ x အမြင့် ၁၈ ပေ နေရာကို ၁ လလျှင် ၄၇၃၆ ကျပ်နဲ့ ငှားရမ်းခပေးဆောင်ပြီး တရားရုံးဖွင့်လှစ်လျက် ရှိပါတယ်။ မြို့နယ်တရားရုံး ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ တရားရေးအရာထမ်း၊ အမှုထမ်း များ သက်သာချောင်ချိမှုအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန်အတွက်လည်းကောင်း မြေနေရာ ရရှိခြင်းမရှိသေးသည့်အတွက် ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်တရားရုံးနှင့် ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ် ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေး ဖို့အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး ကြို့ပင်ကောက်မြို့နယ် ဥပဒေတရားရုံးဆောက်လုပ်ဖို့အတွက် ကြို့ပင်ကောက်မြို့ မြောက်ဘက်အထွက် သာစည်ကျေးရွာ၊ ရန်ကုန်-ပြည်ကားလမ်းရဲ့ အနောက်ဘက်၊ စီမံကိန်းရုံးနှင့် စက်မှုသီးနှံရုံးတို့ရဲ့ နောက်ကျောမှာရှိတဲ့ ဦးပိုင်အမည် ဒေါ်ယဉ်နီ၏ ကွင်းအမှတ် (၅၀၇)၊ ဦးပိုင်အမှတ် (၉၇/၂)၊ မြေကွက်အကျယ် အလျား ၂၃၀ ပေ x အနံ ၁၂၀ ပေ၊ ၁၅၀ ပေ ရှိတဲ့ လယ်မြေကွက်ပေါ်မှာ မြို့နယ်ဥပဒေရုံးအတွက် မျက်နှာစာ အကျယ် ပေ ၁၀၀ ၊ ရှေ့နောက်အရှည် တစ်ဖက် ၁၂၀ ပေ၊ အခြားတစ်ဖက် ၁၅၀ ပေရှိမြေကွက်ကို ကျပ်ငွေ ၁၅ သိန်းခန့်နဲ့ ဝယ်ယူ ဆောက်လုပ်ဖို့ ကြို့ပင်ကောက်မြို့နယ်ဥပဒေရုံးမှ စီစဉ်ထားရှိပါတယ်။

ဥပဒေရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်ရှိပါက သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့တင်ပြ၍ ခွင့်ပြုချက် ရယူပြီး နောက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ် တောင်းခံဆောင်ရွက်ရပါတယ်။ အဆိုပါ ကြို့ပင်ကောက်မြို့နယ် ဥပဒေရုံးအတွက် မြေကွက်ကို ဝယ်ယူရရှိဖို့အတွက် မြို့နယ်ဥပဒေရုံးက ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှတစ်ဆင့် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသဘောထား ခွင့်ပြုချက်ရယူပြီး ရုံးအဆောက်အအုံကို ဆောက်လုပ် ဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အတည်ပြုခွင့်ပြုချက်နဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဘဏ္ဍာငွေအသုံးစရိတ်ရရှိဖို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အဆိုပါမြေကွက်ရရှိပြီးပါက

မြေကွက်မှာ မြို့နယ်ဥပဒေရုံးအဆောက်အဦနှင့်အတူ ဝန်ထမ်းအိမ်ရာကိုပါ တွဲဖက်ဆောက်လုပ်နိုင်ရေး အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဘဏ္ဍာငွေမှ အသုံးစရိတ်ရရှိရန် တင်ပြဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဖလမ်းမြို့ပေါ်ရှိ ဖာရ်ထောက်ရပ်ကွက်၊ ကျန်ဘာရီအပိုင်းအတွက် စတောမ်ချောင်းမှ ရေသွယ် ယူပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း ဖြစ်ပါတယ်။ ကျွန်တော့်မြို့ဖြစ်တဲ့ ဖလမ်းမြို့ရဲ့အခက်အခဲတစ်ခုကို ယနေ့မေးခွန်းမေးမြန်းဖို့ ဖြစ်တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော့်မေးခွန်းကို ခွင့်ပြုပေးစေလိုပါတယ်။ ကျွန်တော့် အနေနဲ့ ဖလမ်းမြို့မှာ အကြိမ်ကြိမ်ရေပေးရေးကိစ္စကို တင်ပြမေးမြန်းခဲ့ပြီးလည်းဖြစ်ပါတယ်။ ခွင့်ပြု ချက်လည်းအတော်အသင့် ရရှိပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ အခုလက်ရှိဖြစ်နေတဲ့ မြို့ရဲ့အောက် ဆုံးအရပ်ဖြစ်တဲ့ ဖာရ်ထောက်ရပ်ကွက်လို့ခေါ်တဲ့ အထက(၁) တည်ရှိရာဘက်မှာ အပေါ်ဘက်ကနေ ဖြတ်ထားတဲ့ရေရှိတဲ့အတွက်ကြောင့် အပေါ်ပိုင်းမှာပဲ လုံလောက်ပြီးတော့ အောက်ပိုင်းမှာ မလုံ လောက်တဲ့အတွက်ကြောင့် ဒီအောက်ပိုင်းကို စိမ့်စမ်းရေချောင်း၊ စတောမ်ချောင်းလို့ခေါ်တဲ့ ချောင်းငယ်ကနေပြီးတော့ သွယ်ယူခွင့်ပြုပေးနိုင်ဖို့ရန်အတွက် ကျွန်တော် မေးမြန်းမှာဖြစ်ပါတယ်။ ဒီချောင်းက ၄ မိုင် ၃ ဖာလုံဝေးပါတယ်။ အဲဒီ ၄ မိုင် ၃ ဖာလုံ ကနေပြီးတော့ ရေသွယ်ယူမယ်ဆိုလို့ရှိရင် ကုန်ကျစရိတ်က ၁၈၁ သိန်းခန့်ကုန်ကျမယ်လို့ စည်ပင်အင်ဂျင်နီယာကနေပြီးတော့ တွက်ချက်ထား ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ သိလိုတာကတော့ ချင်းပြည်နယ် ဖလမ်းမြို့ပေါ်ရှိ ဖာရ်ထောက်ရပ်ကွက် ကျန်ဘာရီအပိုင်းတွင် သောက်သုံးရေပြတ်လက်ပြီး ရေလုံလောက်မှုမရှိပါ သဖြင့် ယခုတင်ပြမည့် ဖလမ်းမြို့မှ ၄ မိုင် ၃ ဖာလုံ အကွာတွင်ရှိသည့် စတောမ်ချောင်းမှ ရေသွယ် ယူပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖလမ်းမြို့ပေါ် လူဦးရေ ၈၇၈၉ ယောက်ရှိပြီး တစ်ရက်ရေလို အပ်ချက်မှာ ၁၇၅၇၈၀ ဂါလန်ဖြစ်ပြီးတော့ ယခင် ထွာန်း၊ ကျန်ဇန်း၊ တလဲန်လဲင်း၊ ရေထွက်နဲ့ မြို့ရေ ထွက်အငယ် ၁၂ ခုမှရရှိတဲ့ တစ်ရက်ရေထွက်နှုန်း ၉၀၇၂၀ ဂါလန်သာ ပေးဝေခဲ့ပြီးတော့ သောက်သုံးရေ လွှမ်းခြုံမှုမှာ ၅၀ ရာခိုင်နှုန်းသာရှိခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ငွေ ၇၃.၇၈ သန်းဖြင့် မြို့မှ ၇ မိုင် ၄ ဖာလုံဝေးတဲ့ ဇာထီရ်ရေထွက်အသစ်မှ ရေသွယ်ယူခြင်း၊ ရေလှောင်ကန်များတည်ဆောက်ခြင်း၊ ဖြန့်ဝေပိုက်လိုင်းများ အသစ်သွယ်တန်းပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခုအခါ ဇာထီရ်ရေထွက်အသစ်မှ တစ်ရက်လျှင် ရေဂါလန် ၃၀၀၀၀ ဆံ့ဝင်ရောက်နိုင်တဲ့အတွက်ကြောင့် မြို့ပေါ်ရေဝင်မှု စုစုပေါင်း ၁၂၀၇၂၀ ဂါလန်ရှိ လာပြီးတော့ မြို့ပေါ် ၄ ရပ်ကွက်အနက် ၃ ရပ်ကွက်အတွက် သောက်သုံးရေလွှမ်းခြုံမှု ၇၀ ရာခိုင်နှုန်းအထိတိုးတက်ရရှိလာပြီ ဖြစ်ပါတယ်။ သို့ရာတွင် မြို့ပေါ် ၄ ရပ်ကွက်အနက် ဖာရ်ထောက်ရပ်ကွက်ပိုင်း ကျန်ဘာရီနေ ပြည်သူများမှာ ရေလုံလောက်မှုမရှိသေးတဲ့အတွက်ကြောင့် မြို့မှ ၄ မိုင် ၂ ဖာလုံကွာဝေးတဲ့ စတောမ်စိမ့်စမ်းရေထွက်ဟာ နွေရာသီမှာ တစ်မိနစ်ကိုရေထွက်နှုန်း ၁၅ ဂါလန်ရှိပြီးတော့ ၂ လက်မ ပီဗွီစီပိုက်နဲ့ သွယ်ယူမည်ဆိုပါက ကျပ် ၁၂၀ သိန်းခန့်ကုန်ကျမည်ဖြစ်ပြီးတော့ ဖာရ်ထောက် ရပ်ကွက်၊ ကျန်ဘာရီရပ်အိမ်ခြေ ၂၄၀၊ လူဦးရေ ၁၂၀၀ ခန့်အား သောက်သုံးရေပိုမိုလုံလောက်စွာ ပေးဝေနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အဖွဲ့ရန်ပုံငွေဖြင့် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**မြန်မာနိုင်ငံနယ်နိမိတ်ကို အမြန်ဆုံးပြန်လည်တိုင်းတာ အတည်ပြုပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊

စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ။ ကျွန်တော်ကတော့ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့တင်ပြမယ့်မေးခွန်းက အမှန်မှာတော့ ဆိုတယ်တို့၊ မိုဇက်တို့ပါ။ ဒါပေမယ့်ကြာနေမှာစိုးတဲ့အတွက်ကြောင့် ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ တင်တာဖြစ်ပါတယ်။ အဲ့ဒါက မြန်မာနိုင်ငံနယ်နိမိတ်ကို ပြန်လည်တိုင်းတာရေးကိစ္စဖြစ်ပါတယ်။ ဒီကိစ္စက ကျွန်တော်တို့တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနဲ့ ပတ်သက်နေတဲ့ကိစ္စဖြစ်ပါတယ်။ အဓိကအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပါဝင်ကြရမှာဖြစ်ပါတယ်။ ဦးစွာကျွန်တော်တို့နိုင်ငံ အနောက်ဘက်မှာရှိတဲ့ အိန္ဒိယနယ်စပ်တစ်လျှောက် ကလေးခရိုင်နှင့် တမူးခရိုင်အတွင်းမှာ နိုင်ငံပိုင်မြေနေရာ၊ ဘာဖြစ်လို့လဲဆိုတော့ အောင်နိမိတ်စစ်ဆင်ရေးအရ ကျွန်တော်တို့ မြန်မာအိန္ဒိယနယ်နိမိတ်ကို နှစ်နိုင်ငံသဘောတူညီချက်နှင့် ဆုံးဖြတ်ပြီးတော့ ကျောက်တိုင်ကြီးတွေ စိုက်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခလရ (၈၉) ကလေးမှာ တပ်ခွဲမှူးတာဝန်၊ တပ်ရေး/တပ်ထောက်တာဝန်တွေကို ၁၉၇၂/၇၄ အထိ တာဝန်ထမ်းဆောင်စဉ်မှာ ကလေးကနေပြီးတော့ ကျီကုန်း၊ ထွက်ရရေကျယ်၊ ဘုတ်ကန်၊ ခမ်းပါတ် အဲ့ဒီရွာတွေကိုဖြတ်ပြီးတော့ တမူးအထိကတ္တရာလမ်းဖောက်ထားပါတယ်။ အဲ့ဒီ လမ်းဘေးကိုက် ၁၀၀၀ အကွာလောက်မှာ နယ်စပ်ကျောက်တိုင်ကြီးတွေစိုက်ထူထားပါတယ်။ ၂၀၀၄ ခုနှစ် ကျွန်တော် အငြိမ်းစားယူပြီးတော့ မိသားစုနဲ့သွားလည်တဲ့အခါ ကလေး-ကျီကုန်း-တမူးလမ်း အချို့ဟာ အိန္ဒိယနယ်မြေထဲကိုရောက်နေပြီးတော့ ကျွန်တော်တို့ဘက်မှာ ကားလမ်း၊ မြေကြီးလမ်း အသစ်ဖောက်လုပ်ထားတာကိုသွားခဲ့ရပါတယ်။ နဂိုကကားလမ်းဟာ ကျွန်တော်တို့ဘက်မှာရှိပါတယ်။ အခုအိန္ဒိယဘက်ကို ရောက်နေတယ်။ အဲ့ဒါ တကယ်ကို သိသိသာသာထင်ထင်ရှားရှားဖြစ်ပါတယ်။ ကျောက်တိုင်တွေကို လည်းနေရာရွှေ့ထားတယ်။ အဲ့သလိုပဲ ချင်းပြည်နယ်ဘက်မှာလည်း ကျီခါးဘက်ကို ရောက်တော့ ဒီသတင်းကို ကျောက်တိုင်တွေရွှေ့တဲ့သတင်းကိုကြားခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စက အတော်အသည်းနာစရာလည်းကောင်းပါတယ်။ ဒေါသဖြစ်စရာလည်းကောင်းပါတယ်။ စဉ်းစားကြည့်ရင် သူခိုးတွေ၊ သူခိုးတွေထဲမှာမှ မြေသူခိုး၊ ရေသူခိုး၊ ငွေသူခိုးဆိုပြီးတော့ သူခိုးတွေရှိပါတယ်။ မြေသူခိုးကတော့ အိန္ဒိယနယ်စပ်၊ ရေသူခိုးကတော့ ဂျိုးဖြူပိုက်ခိုးဖောက်တာလောက်က အပရိက ရွှေလီနှင့် သောင်းရင်းမြစ်ဘက်မှာပိုပြီးတော့ သိသာပါတယ်။ ငွေသူခိုးကတော့ ကျောက်သံ၊ ပတ္တမြားစတဲ့ဥစ္စာတွေကိုခိုးတာဖြစ်ပါတယ်။ အဲ့ဒါ ငွေကိုခိုးတာက အကျင့်စာရိတ္တအလွန်ညံ့ဖျင်းပြီးတော့ ကိုယ်ကျင့်တရားလုံးဝမကောင်းတဲ့ Charatar ပါ No ။ ငွေသူခိုးတွေရှိနေတယ်ဆိုတာကို သတိပေးချင်ပါတယ်။ အဲ့ဒီတော့ ပထမမြေခိုးတာ ကျွန်တော်တို့နယ်နိမိတ်အတွင်းမှာ အိန္ဒိယက ကိုက် ၁၀၀၀ ကျောက်တိုင်

တွေပြောင်းရွှေ့စိုက်တယ်။ နဂိုကကျောက်တိုင်ကို အသစ်တူးထားတယ်။ ကျွန်တော်တို့ဘက်မှာ ကျောက်တိုင်ကိုစိုက်ဖို့မြေကြီးတူးထားတယ်။ ညဘက်ကိုရအောင်ရွှေ့တယ်။ ကျွန်တော်တို့နိုင်ငံပိုင် မြေကြီးကိုခိုးတာ အဆိုတော် ဒေါ်မေလှမြိုင်တို့၊ ရဲဘော်စိုးဝင်းတို့ဆိုခဲ့တဲ့ ဒို့မြေကို လာမထိနဲ့ မီးပွင့်သွားမယ်။ တစ်လက်မမှ အထိမခံဘူးဟေ့ တွန်းလှန်ချေမှုန်းမယ်စသည်ဖြင့် အခု အဲ့ဒါတွေက အလကားဖြစ်နေတယ်။ လေတွေပဲဖြစ်နေတယ်။ အခု တစ်လက်မ မကဘူး။ ကိုက် ၁၀၀၀ တမူး နားအထိခိုးနေပါတယ်။ ကျောက်တိုင်တွေရွှေ့စိုက်တယ်။ အဲ့ဒါတောက်လျှောက်ဖြစ်နေတာပါ။ လမ်းမှာ တွေ့တဲ့ ကင်းအဖွဲ့စခန်းတွေကို ကျွန်တော်ပြောခဲ့သေးတယ်။ ဒီလမ်းက အရင်တုန်းက ငါတို့ဘက်က လမ်းပဲကွာ ဘာဖြစ်လို့အိန္ဒိယဘက်ရောက်နေတာလဲဆိုတော့ သူတို့က လွယ်လွယ်လေးပဲဖြေတယ်။ ဒီကိစ္စ ကျွန်တော်တို့အထက်ကိုတင်ပြထားပါတယ်တဲ့ တော်တော်တာဝန်မဲ့ရာရောက်ပါတယ်။ အခု ၁၀ နှစ်နီးပါးရှိပြီ။ မြေခိုးပြီးတော့ ကျောက်တိုင်စိုက်ထားတာ ဒီအတိုင်းပဲ။ ထူးမခြားနားသီးချင်းလိုပဲ။ အခု ပိုဆိုးနေပါတယ်။ အခုနယ်စပ်တွေမှာ အိန္ဒိယကရွာတွေ တည်နေတယ်။ ပိုပြီးခိုင်မာအောင် သူတို့ လုပ်နေတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဘက်မှာရော ရွာမတည်နိုင်ဘူးလား။ ဒါမှမဟုတ် အမြန်ဆုံး တစ်နည်းနည်းနဲ့တိုင်းတာလို့မရနိုင်ဘူးလား။ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာကို လာထိနေတာ၊ စော်ကားနေတာ။ ဒါကြောင့် ဒီကိစ္စနိုင်ငံတော်အစိုးရအနေနဲ့ အမြန်ဆုံးအကောင်အထည်ဖော်ပြီးတော့ ပြန်လည်တိုင်းတာသင့်ကြောင်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက ကျွန်တော်တို့နဲ့ နယ်စပ်ပါပဲ။ ထိစပ်နေတဲ့ အရှေ့ဘက်မှာ တရုတ်နှင့် ထိုင်းနိုင်ငံ။ တရုတ်ကတော့ ဒီလောက်ပြောင်ကျကျမဟုတ်ဘူး။ ဒါပေမယ့် သူတို့ခိုးနေတာပဲ မြေကြီးကို တရုတ်ပြည် ရွှေလီမြစ်၊ ထိုင်းနိုင်ငံ သောင်းရင်းမြစ်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန် မလိုတဲ့စကားအသုံးအနှုန်းတွေ၊ အဓိပ္ပာယ်ကောက်လွဲမှားပြီး တော့ ချစ်ကြည်ရင်းနှီးမှုပျက်စေတဲ့စကားတွေ မသုံးနှုန်းပါနဲ့။ ကျွန်တော် ဒါကြောင့် မေးခွန်းမေးထားတဲ့ အတိုင်းဖတ်ကြားပါလို့ ကျွန်တော်ပြောထားတာရှိပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့နယ်စပ်အရှေ့ဘက်မှာ အဲ့ဒါ ပျောင်ကျကျ မဟုတ်ပေမယ့် ရွှေလီမြစ်တို့၊ သောင်းရင်းမြစ်တို့ကို ၁၉၇၅-၁၉၇၆ ခုနှစ်ကပဲ ကျွန်တော်တို့နိုင်ငံဘက် က တောင်ကျရေနှင့် ဒီရေများမထိုးဖောက်နိုင်အောင် တစ်နည်းအားဖြင့် သူတို့ဘက်ကို ကမ်းပါးလုံး၀ ပြိုမဆင်းအောင် မြစ်ကမ်းတစ်လျှောက် ၎င်းတို့ဘက်မှာ ကွန်ကရစ်ကိုင်ထားပါတယ်။ ရေစီးကြောင်းက သူတို့နိုင်ငံဘက်ကိုမထိုးဘူး။ ကျွန်တော်တို့နိုင်ငံဘက်ကို ရေစီးကြောင်းထိုးတယ်။ ကမ်းပြိုစရာရှိရင် ကျွန်တော်တို့ဘက်ကကမ်းကပဲ ပြိုပြိုဆင်းနေတယ်။ ရွှေလီမြစ်ရော သောင်းရင်းမြစ်ပါ နယ်နိမိတ် စာချုပ်အရဆိုရင်တော့ မြစ်အလယ်မှာတစ်ဝက်စီပိုင်ဆိုင်ကြတဲ့အတွက် ကျွန်တော်တို့ မြေများဟာ

သူတို့ဘက်ကို ရောက်ရောက်နေပါတယ်။ အဲ့သလို ကမ်းပြိုမှုမှာ ပျမ်းမျှအားဖြင့် တစ်နှစ်ကို ၂ ပေ ခန့်နဲ့တွက်ကြည့်မယ်ဆိုရင် နှစ်ပေါင်း ၅၀ အတွင်းမှာ ကျွန်တော်တို့ဘက်ကမြေဟာ ပေ ၁၀၀ လောက် ကမ်းပြိုပြီးတော့ သူတို့ဘက်ကိုမြေပါသွားပါတယ်။ ဒီကိစ္စလည်း သူတို့ဘက်ကကွန်ကရစ် ကိုင်သလို ကျွန်တော်တို့ဘက်ကလည်း ပြန်ကိုင် ဒါလုပ်နိုင်တာရှိပါတယ်။ ကုမ္ပဏီကြီးတွေကို တာဝန်ပေးလိုက် ရင်လည်း အဆင်ပြေနိုင်ကြောင်းထပ်လောင်းတင်ပြပြီးတော့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ကျော်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါ။ ကျွန်တော် ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်ဖြစ်ပါတယ်။ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါ တယ်။ မြန်မာနဲ့အိန္ဒိယနယ်နိမိတ်စာချုပ်ကို ၁၉၆၇ ခုနှစ် မတ်လ ၁၀ ရက်နေ့မှာ ချုပ်ဆိုခဲ့ပါတယ်။ အဲ့ ဒီနောက် နှစ်နိုင်ငံနယ်နိမိတ်ကော်မရှင်ကို ဖွဲ့စည်းပြီး နှစ်နိုင်ငံနယ်နိမိတ်ကို ၁၉၆၈-၁၉၆၉ ခုနှစ်မှာ အောင်နိမိတ်စစ်ဆင်ရေးနှင့် အဆင့် ၇ ဆင့်ခွဲပြီး နယ်နိမိတ်တိုင်းတာရေးကို ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၇၅ ခုနှစ်မှာ နယ်နိမိတ်တိုင်းတာရေးကိစ္စလုပ်ငန်းပြီးစီးခဲ့ပါတယ်။ သို့သော် အိန္ဒိယ၊ တရုတ် နယ်နိမိတ် ပြဿနာများကြောင့် မြန်မာ၊ အိန္ဒိယ၊ တရုတ် သုံးပွင့်ဆိုင်နေရာမှာ တိုင်းတာမှုမပြီးပြတ် သေးပါ။ တိုင်းတာမှုပြီးစီးခဲ့တဲ့ မြန်မာ၊ အိန္ဒိယနယ်နိမိတ်အရှည်မှာ ကီလိုမီတာ ၁၄၆၀၊ မိုင်အားဖြင့် ၉၀၇ မိုင်ခန့်ဖြစ်ပါတယ်။ အဲ့ဒီလို မြန်မာ၊ အိန္ဒိယနယ်နိမိတ်တိုင်းတာရေးဆောင်ရွက်ခဲ့တဲ့အချိန်မှာ ကဘော်ချိုင့်ဝှမ်းဒေသမှာ နယ်နိမိတ်မှတ်တိုင် ၉ ခု စိုက်ထူကြရာမှာ မြေပြင်နှင့် မြေပုံကွဲလွဲမှုကြောင့် နှစ်ဘက်ကြိုးစားပြီးညှိနှိုင်းကြသော်လည်း သဘောတူညီမှုမရနိုင်ခဲ့ကြပါ။ ဒါ့ကြောင့် နယ်နိမိတ် မှတ်တိုင် ၉ တိုင်ကို မစိုက်ထူနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ မစိုက်ထူနိုင်ခဲ့တဲ့ နယ်နိမိတ်မှတ်တိုင် များကတော့ နယ်နိမိတ်မှတ်တိုင်အမှတ် ၆၆၊ ၇၆၊ ၇၈၊ ၈၉၊ ၉၀၊ ၉၁၊၉၂၊ ၉၃၊ ၉၄ တို့ ဖြစ်ပါတယ်။ နယ်နိမိတ်မှတ်တိုင် ၆၅ အနီးမှာတော့ ဘုက္ကန်ရွာတည်ရှိပါတယ်။ မှတ်တိုင်စိုက်ထူရန် သဘော တူညီမှုမရခဲ့တဲ့အကြောင်းများမှာ အိန္ဒိယဘက်ကမှတ်တိုင်ဟောင်းနေရာများမှာ မှတ်တိုင်အသစ်များ စိုက်ထူလိုပြီး မြန်မာဘက်ကတော့ ၁၉၆၇ ခုနှစ် နယ်နိမိတ်စာချုပ်ပါမြေပုံနဲ့ ကွင်းဆင်း တိုင်းတာချက်များအရသာ စိုက်ထူရန်လိုလားခြင်းကြောင့်ဖြစ်ပါတယ်။ အကယ်၍ အိန္ဒိယဘက်ရဲ့

လိုလားချက်အတိုင်းကို စိုက်ထူလိုက်မယ်ဆိုရင် မြန်မာဘက်ကနယ်မြေအချို့ဆုံးရှုံးမည့်အပြင် ကလေး-တမူးကားလမ်း အစိတ်အပိုင်းအချို့ ၂ မိုင်ခန့်ဟာ အိန္ဒိယဘက်သို့ကျရောက်သွားမှာဖြစ်ပါတယ်။ အကယ်၍မြန်မာဘက်ရဲ့ လိုလားချက်အတိုင်းကို စိုက်ထူမည်ဆိုပါလျှင်လည်း အိန္ဒိယရဲ့ကျေးရွာ ပရင်းနဂါးကျေးရွာကို နှစ်ခြမ်းခွဲသလိုဖြစ်သွားမှာဖြစ်ပါတယ်။ တစ်ခြမ်းကမြန်မာဘက်ကို ကျရောက်သွားပြီး တစ်ခြမ်းကတော့ အိန္ဒိယဘက်မှာရှိမှာပါ။ အိန္ဒိယဘက်အနေနဲ့ ပရင်းနဂါးကျေးရွာ နှစ်ခြမ်းကွဲသွားမည့် အနေအထားကိုမလိုလားသကဲ့သို့ မြန်မာဘက်ကလည်း ကလေး-တမူးကားလမ်း အစိတ်အပိုင်းအချို့ အိန္ဒိယဘက်သို့ ကျရောက်သွားမှာကို မလိုလားပါဘူး။ မြန်မာဘက် မှာရှိတဲ့ ကလေး-တမူးကားလမ်းဟောင်းဟာ အိန္ဒိယပိုင်မြေအတွင်းရောက်ရှိနေသဖြင့် ၁၉၈၀ ခုနှစ်မှာပြုလုပ်တဲ့ မြန်မာ၊ အိန္ဒိယမြေတိုင်းညွှန်ကြားရေးမှူးချုပ်များအဆင့် အစည်းအဝေးမှာ အပေးအယူလုပ်ဖို့သဘောတူညီချက် ၁ ရပ် ညှိနှိုင်းရယူရန် ကြိုးစားခဲ့ပါတယ်။ ထိုမြေနေရာကိုရယူရန် မြန်မာ ဘက်အနေဖြင့် သေချာမှုမရှိတာကြောင့် နယ်နိမိတ်လွတ်စေရန်အတွက် ကလေး-တမူးကားလမ်းကို မိမိပိုင်နက်မြေအတွင်းမှာပဲ ဖောက်လုပ်ခဲ့ပါတယ်။ အိန္ဒိယဘက်က ၂၀၀၄ ခုနှစ်မှာ မြေအပေးအယူပြုလုပ်ရန်အဆိုသစ်တစ်ခုကို ထပ်မံတင်ပြလာသော်လည်း ၎င်းတို့ အဆိုပြုသည့်နေရာဟာ မူလ သဘောတူထားတဲ့မြေနှင့်ကွဲလွဲနေခြင်း၊ မြေအနေအထားမကောင်းခြင်းတို့ကြောင့် မြန်မာဘက်က ဆုံးရှုံးနစ်နာနိုင်တဲ့အတွက် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှာကျင်းပခဲ့တဲ့ နှစ်နိုင်ငံမြေတိုင်း ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးမှာ မြန်မာဘက်က လက်မခံဘဲပယ်ချခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာဘက်ရှိကလေး-တမူး ကားလမ်းဟောင်းဟာ မူလကတည်းက အိန္ဒိယနယ်မြေအတွင်းမှာ ကျရောက်နေတဲ့ ကားလမ်းဖြစ်ပါတယ်။ လက်ရှိကားလမ်းဟာ နောက်ပိုင်းမှာ မြန်မာဘက်ကမဟာဗျူဟာမြောက်ကားလမ်းအဖြစ် မိမိနယ်မြေအတွင်း အသစ်ဖောက်လုပ်တဲ့ ကားလမ်းဖြစ်ပါတယ်။ အိန္ဒိယဘက်အနေနဲ့ မှတ်တိုင်အဟောင်းများကို တစ်ဖက်သတ်ရွှေ့ပြောင်းပြီး စိုက်ထူ၍မရနိုင်ပါကြောင်းတင်ပြအပ်ပါတယ်။ ယင်းမှတ်တိုင်များရဲ့ တည်နေရာပြ Coordinate များရှိတာကြောင့် နှစ်ဖက်ပူးတွဲတိုင်းတာရာမှာ အဆိုပါကိန်းဂဏန်းများအပေါ်မှာမူတည်ပြီးတော့ မူလနေရာမှာ ပြန်လည်စိုက်ထူရန်ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ၊ တရုတ်နယ် နယ်နိမိတ်ဖြစ်တဲ့ ရွှေလီမြစ်ဟာ နယ်နိမိတ် တိုင်းတာမှုပြီးစီးပြီဖြစ်ပါတယ်။ မြစ်ရဲ့ရေလယ်ကြောင်း Mid- Stream ကို နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအဖြစ် သတ်မှတ်ထားပြီးလည်းဖြစ်ပါတယ်။ မြန်မာ၊ ထိုင်းနယ်နိမိတ် သောင်ရင်းမြစ်မှာ အရှေ့ဘက်ပိုင်းသည် ထိုင်းပိုင်ဖြစ်ပြီး၊ အနောက်ဘက်ပိုင်းသည် မြန်မာပိုင်နယ်မြေဖြစ်သည်ဟု နယ်နိမိတ်စာချုပ်တွင် ဖော်ပြထားပြီးဖြစ်ပါတယ်။ မြစ်အတွင်းနယ်နိမိတ် သွယ်တန်းပုံကို ဖော်ပြထား

ခြင်းတော့မရှိပါ။ ဒါ့ကြောင့် အိမ်နီးချင်းနိုင်ငံများက မြစ်ကမ်းပါးများထိန်းသိမ်းခြင်းများကို အခိုင်အမာ ဆောက်လုပ်နေကြတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မြန်မာဘက်အနေနဲ့လည်း အဆိုပါနေရာများမှာ အလားတူ ၎င်းတို့လိုပဲ မြစ်ကမ်းပါးထိမ်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားသင့်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ရာမှာ မိမိတို့ဘက်မှာရှိတဲ့ အရေးကြီးနေရာများကို ဦးစားပေးရွေးချယ်ပြီး စနစ်တကျ ဖြစ်စေရန် ရေရှည်၊ ရေတိုစီမံကိန်းများချမှတ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့မြန်မာနိုင်ငံဟာ ငြိမ်းချမ်းစွာ ယှဉ်တွဲ အတူတကွနေထိုင်ရေး မူကြီး ၅ ချက်ကို အခြေခံပြီး နိုင်ငံခြားရေးမူဝါဒချမှတ်ထားရှိပါတယ်။ အိမ်နီးနားချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ မိတ်ဆွေနိုင်ငံများအဖြစ် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ နယ်နိမိတ်တိုင်းတာရေးအပါအဝင် အခြားနှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံ တကာဆက်ဆံရေးများမှာ ဆက်ဆံရေးပိုမိုကောင်းလာရေးအတွက် သတိထားပြီး ဆောင်ရွက်နေတဲ့ အချိန်ကာလလည်းဖြစ်ပါတယ်။ နယ်နိမိတ်ကိစ္စများဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ဒီနေ့ ထင်ထင် ရှားရှား ဖြစ်ပွားပေါ်ပေါက်နေတဲ့ ကိစ္စများရှိပါတယ်။ ဒါ့ကြောင့်ပြီးခဲ့တဲ့ မိမိတို့မီလိုက်တဲ့ နဝတအစိုးရ၊ နယကအစိုးရတို့သည် ပြည်သူများကရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရများမဟုတ်တဲ့အတွက် နယ်နိမိတ်တိုင်းတာရေးကိစ္စများကို ထိန်းသိမ်းထားပြီး ပြည်သူ့အစိုးရလက်ထက်ဖြစ်တဲ့အခါမှာ အခြေ အနေအချိန်အခါပေါ်မူတည်ပြီး နယ်နိမိတ်တိုင်းတာရေးလုပ်ဆောင်ဖို့ ရည်မှန်းထားတာ ရှိခဲ့ပါတယ်။ သို့ရာတွင် အားလုံးမှတ်မိပါလိမ့်တယ်။ဘင်္ဂလားဒေ့ရှ်၊ မြန်မာရေပိုင်နက်ကိစ္စကို ဒီလိုအချိန်ဆွဲထား သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က စတင်ဆောင်ရွက်ခဲ့တဲ့အတွက် မလွှဲသာမရှောင်သာဘဲနဲ့ ပင်လယ်ပြင်ရေပိုင်နက်ကိစ္စဖြေရှင်းဆောင်ရွက်ခဲ့ရပါတယ်။ ပြည်သူ့အစိုးရ ပြောမယ်ဆိုရင် ဒီမိုကရေစီ အစိုးရ မဟုတ်တဲ့အချိန်ကာလမျိုးမှာ နယ်နိမိတ်တိုင်းတာရေးအပါအဝင် အခြားကိစ္စများဆောင်ရွက်တဲ့ အခါမှာ မိမိတို့နိုင်ငံ၊ မိမိတို့အစိုးရဘက်က အရှုံးပေါ်ဖို့အခြေအနေ မကောင်းတဲ့ဘက်ကို ရောက်သွား နိုင်ပါတယ်။ ဒီနေ့ဒီကာလဟာ ပြည်သူ့အစိုးရဖြစ်ပြီ။ ဒီမိုကရေစီစနစ်နဲ့ ဖော်ဆောင်တယ်။ ဒါကြောင့်မို့ လို့အခြေအနေအချိန်အခါပေါ်မူတည်ပြီးတော့ နယ်နိမိတ်တိုင်းတာရေးကိစ္စများ ဆက်လက်ဆောင်ရွက် သွားမည်ဆိုတဲ့အကြောင်း မိမိသိရှိသမျှကို လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြခြင်းဖြစ်ပါတယ်။ နောက်မိမိတို့မေးတဲ့မေးခွန်းတွေ၊ အဆိုတွေ၊ ဆွေးနွေးချက်တွေဟာလည်း မိမိတို့နိုင်ငံခြားရေးမူဝါဒကို ထိခိုက်စေသော အပြောအဆိုအသုံးအနှုန်းများ မသုံးမိဖို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို သတိ ပေးပါတယ်။ (သြဘာသံများ)

**ဘဏ်အပ်ငွေအပေါ် အတိုးနှုန်းများနှင့် နိုင်ငံတော်ချေးငွေရယူ၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံ လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီကြီးများအတွက် ၈ ရာခိုင်နှုန်း ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ် ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ လက်ရှိဗဟိုဘဏ်က သတ်မှတ်ထားတဲ့ ဘဏ်တိုးနှုန်းက ၁၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ တစ်ခါ အပ်ငွေပေါ်မှာ အတိုးနှုန်း ၈ ရာခိုင်နှုန်းနဲ့ ချေးငွေပေါ်မှာ အတိုးနှုန်း ၁၃ ရာခိုင်နှုန်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။ အာဆီယံစီးပွားရေးအသိုက်အဝန်း စတင်ခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံကဲ့သို့ စီးပွားရေးဖွံ့ဖြိုးမှုနိမ့်ကျခဲ့တဲ့ နိုင်ငံဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာ သူတို့ရဲ့ ဗဟိုဘဏ်ငွေကြေးအာဏာပိုင်အဖွဲ့ရဲ့ အတိုးနှုန်းသတ်မှတ်မှုဟာ ၁၃ ရာခိုင်နှုန်းအထိ ရှိသော်လည်း ၎င်းတို့ရဲ့ ပြည်တွင်းဘဏ်များအနေနဲ့ အပ်ငွေပေါ်မှာ အတိုးနှုန်း ၁၂ ရာခိုင်နှုန်းနဲ့ ချေးငွေပေါ်မှာ အတိုးနှုန်း ၁၄ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ အလားတူပဲ အခြားသော အာဆီယံနိုင်ငံများမှာလည်းပဲ အပ်ငွေနဲ့ ချေးငွေအပေါ် အတိုးနှုန်းကွာခြားချက်မှာ ရာခိုင်နှုန်း လွန်စွာနည်းပါးကြောင်းလည်း လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဘဏ်တိုးနှုန်း မြင့်မားခဲ့သောကြောင့် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ စင်္ကာပူ၊ ထိုင်းစတဲ့ နိုင်ငံများမှ လုပ်ငန်းရှင်များဟာ ၎င်းတို့နိုင်ငံဘဏ်များမှ ငွေများချေးယူပြီးတော့မှ မြန်မာနိုင်ငံဘဏ်များမှာ အပ်နှံကာ ဘဏ်တိုးနှုန်းမှ အမြတ်အစွန်းရယူ စျေးကစားခဲ့ကြောင်းလည်း လေ့လာကြားသိရပါတယ်။ အဲဒီလို ဘဏ်အပ်ငွေတိုးနှုန်းပေါ်မှာ တစ်ဖက်က အမြတ်ထုတ်နိုင်ခြင်း၊ အခြားတစ်ဖက်ကလည်းပဲ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါမှာ မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များ မရရှိနိုင်သည့် ကာလရှည်အခွန်ကင်းလွတ်ခွင့် ရရှိနိုင်ခြင်း၊ နောင်တစ်ခုကလည်းပဲ ၎င်းတို့ရဲ့ ထုတ်ကုန်များမှာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ခြင်းအပါအဝင် အားသာချက်မျိုးစုံကြောင့်မို့လို့ ရေရှည်မှာ မြန်မာနိုင်ငံသားပိုင် စက်မှုကုန်ထုတ်လုပ်ငန်းများ ပြိုလဲသွားနိုင်ကြောင်းလည်း ပြည်သူလူထုထဲမှာ ဝေဖန်သုံးသပ်နေကြပါတယ်။ အဲဒီအခြေအနေအရ ဘဏ်အပ်ငွေအတိုးနှုန်းကို လက်ရှိ ၈ ရာခိုင်နှုန်းကနေမှ ၄ ရာခိုင်နှုန်း သို့မဟုတ်ရင်

သိသာခြားနားတဲ့ နှုန်းတစ်ခုအထိ လျှော့ချရန် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီး တော့မှ ညှိနှိုင်းစီမံနေကြောင်းလည်း သတင်းများထွက်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ နိုင်ငံသားလုပ်ငန်းရှင်များရဲ့ အကျိုးစီးပွားကို ထိရောက်စွာကာကွယ်နိုင်ဖို့အတွက် အပ်ငွေချေးငွေပေါ် အတိုးနှုန်းများ လျှော့ချခြင်းသည် သင့်လျော်တဲ့ ဆောင်ရွက်ချက်ဖြစ်ကြောင်းလည်း လက်ခံနားလည် ကြပါတယ်။ လောလောဆယ် မြန်မာနိုင်ငံမှာ အပ်ငွေအပေါ် ဘဏ်တိုးနှုန်း စံစားသူ ၄ မျိုးရှိပါတယ်။ ၎င်းတို့မှာ (၁) လူလတ်တန်းစားနိုင်ငံ့ဝန်ထမ်းများနဲ့ အငြိမ်းစားပုဂ္ဂိုလ်များ၊ (၂) နောက်တစ်ခုက နိုင်ငံတော်က တာဝန်ပေးအပ်မှုကြောင့် ဘဏ်ချေးငွေရယူကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆောင်ရွက်နေကြတဲ့ ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်ငယ်များ၊ (၃) နောက်တစ်ခုက နိုင်ငံတော် ဘဏ်ချေးငွေရယူပြီးတော့မှ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်နေကြတဲ့ နိုင်ငံသား လုပ်ငန်းရှင်ကြီးများနဲ့ (၄)ကတော့ မြန်မာနိုင်ငံက ဘဏ်တိုးနှုန်းကို စီးပွားဖြစ် စုငွေများစွာ အပ်နှံပြီးတော့မှ အတိုးများစွာရယူ စျေးကစား နေကြတဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်များ အဲဒီထဲမှာ နိုင်ငံသားအမည်ခံသူများလည်း ပါဝင်ပါတယ်။ ၄ မျိုးရှိတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားများနှင့် လူလတ်တန်းစားတိုင်းရင်းသားများ အများစုဟာ စီးပွားရေးလုပ်ငန်းများ၊ ကျွမ်းကျင်သူများ မဟုတ်ကြပါ။ အရင်းအနှီးလည်း မပြည့်စုံကြသောကြောင့် ဘဏ်အပ်ငွေအပေါ်က ရတဲ့အတိုးနှုန်းဖြင့် ရပ်တည်နေကြသူများ ဖြစ်ကြပါတယ်။ ၎င်းတို့ရဲ့ အကျိုးစီးပွားအတွက် အပ်ငွေပေါ်အတိုးနှုန်းကို ဖော်ပြပါအတိုင်း သတ်မှတ်သင့်ကြောင်း လူထုကြားမှ အကြံပြုတင်ပြချက်များရရှိ၍ ဆက်လက်တင်ပြအပ်ပါတယ်။ အဲဒါကတော့ အပ်ငွေ ကျပ်သိန်း ၅၀၀ အထိ စုဆောင်းအပ်နှံသူများအတွက် ဘဏ်တိုးနှုန်း လက်ရှိအတိုင်းပဲ ၈၀ ရာခိုင်နှုန်း အပ်ငွေ ကျပ်သိန်း ၁၀၀၀ အထိ အပ်နှံသူများအတွက် ဘဏ်တိုးနှုန်း ၆ ရာခိုင်နှုန်း ကျပ်သိန်း ၁၀၀၀ အထက် ငွေပမာဏများစွာ အပ်နှံသူများအတွက် ၄ ရာခိုင်နှုန်းတို့ ဖြစ်ကြပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဘဏ်ချေးငွေအပေါ်မှာ အတိုးပေးဆပ်ရမယ့် ပုဂ္ဂိုလ်အဖွဲ့အစည်းများအတွက်လည်း အောက်ပါအတိုင်း အကြံပြုတင်ပြလိုပါတယ်။ အဲဒါကတော့ တောင်တန်းနယ်စပ်ဒေနဲ့ ပြည်နယ်များမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီငယ်များအတွက် အတိုးနှုန်း ၆ ရာခိုင်နှုန်း၊ ဒုတိယ အချက်ကတော့ နိုင်ငံတော်ချေးငွေရယူပြီးတော့မှ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစွာ ဆောင်ရွက်နိုင်တဲ့ကုမ္ပဏီကြီးများအတွက် အတိုးနှုန်း ၈ ရာခိုင်နှုန်းတို့ ဖြစ်ပါတယ်။ ဒီအချက်တွေဟာ ပြည်သူလူထုအတွင်းက အထူးသဖြင့် အငြိမ်းစားဝန်ထမ်းများ အသိုင်းအဝိုင်းမှ အကြံပြုတင်ပြချက်

များ ဖြစ်ပါတယ်။ အကယ်၍ ဘဏ်တိုးနှုန်းများ ကျွန်တော် တင်ပြခဲ့သလိုပဲ ပြင်ဆင်ရန် ရှိခဲ့ပါက လူလတ်တန်းစားဝန်ထမ်းများ၊ အငြိမ်းစားများ၊ တိုင်းရင်းသားလုပ်ငန်းရှင်ငယ်များ၏ လိုလားချက်နဲ့ အညီ ဖော်ဆောင်ပေးနိုင်ခြင်းရှိ/မရှိ ဖြေကြားပေးပါရန် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ဘဏ်အပ်ငွေအပေါ်အတိုးနှုန်းများကို ကျပ် ၅၀၀ သိန်းအထိ စုဆောင်းအပ်နှံသူများအတွက် ဘဏ်တိုးနှုန်း ၈ ရာခိုင်နှုန်း၊ ကျပ် ၁၀၀၀ သိန်းအထိ အပ်နှံသူများအတွက် ဘဏ်တိုးနှုန်း ၆ ရာခိုင်နှုန်း၊ ကျပ် ၁၀၀၀ သိန်းအထက် ငွေပမာဏများစွာ အပ်နှံသူများအတွက် ဘဏ်တိုးနှုန်း ၄ ရာခိုင်နှုန်း၊ ဘဏ်တိုးနှုန်းပေးဆပ်ရန် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအတွက် တောင်တန်းနယ်စပ်ဒေသနှင့် ပြည်နယ်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော တိုင်းရင်းသားလုပ်ငန်းရှင်၊ ကုမ္ပဏီငယ်များအတွက် ၆ ရာခိုင်နှုန်း၊ နိုင်ငံတော်ချေးငွေရယူ၍ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီကြီးများအတွက် ၈ ရာခိုင်နှုန်း ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ရှိသတ်မှတ်တဲ့ အတိုးနှုန်းက ၁၀ ရာခိုင်နှုန်းဖြစ်ပြီးတော့ နိုင်ငံပိုင်ဘဏ်များ အပါအဝင် ပုဂ္ဂလိကဘဏ်များအနေနဲ့ အပ်ငွေအပေါ်ပေးတဲ့အတိုးနှုန်းကို ဗဟိုဘဏ်မှ သတ်မှတ်သည့် အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်း လျှော့ပြီးတော့မှ အနည်းဆုံး ၈ ရာခိုင်နှုန်းပေးရန်နှင့် ချေးငွေအပေါ် တောင်းခံနိုင်သည့် အမြင့်ဆုံး အတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် ၃ ရာခိုင်နှုန်းတိုးပြီး ၁၃ ရာခိုင်နှုန်း ထက်မများစေဖို့ သတ်မှတ်ထားပါတယ်။ စက်မှုဇုန်နဲ့ စိုက်ပျိုးရေးစီမံကိန်းဝင်လုပ်ငန်းများအပေါ် ကောက်ခံတဲ့ ချေးငွေနဲ့ နိုင်ငံတော်မှ ထုခွဲရောင်းချတဲ့ မြေနဲ့အဆောက်အဦများ၊ စက်ရုံအလုပ်ရုံများကို ဝယ်ယူတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များအပေါ် ကောက်ခံတဲ့ချေးငွေအပေါ် အတိုးနှုန်းကို ၁၂ ရာခိုင်နှုန်းနဲ့

ကောက်ခံခွင့်ပြုထားပါတယ်။ ဘဏ်များမှာ ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့ရှိ စာရင်းများအရ အပ်ငွေပမာဏအလိုက် အချိုးအစားတွက်ချက်ကြည့်ပါက ကျပ်သိန်း ၅၀၀ အထိ အပ်ငွေအုပ်စုမှာ စုစုပေါင်းငွေ အပ်နှံသူဦးရေရဲ့ ၉၉.၀၃ ရာခိုင်နှုန်းရှိပါတယ်။ စုစုပေါင်းအပ်ငွေပမာဏရဲ့ ၄၄.၁၂ ရာခိုင်နှုန်းရှိပါတယ်။ ကျပ်သိန်း ၅၀၀ မှ ကျပ်သိန်း ၁၀၀၀ ကြားအပ်ငွေအုပ်စုမှာ စုစုပေါင်းငွေ အပ်နှံသူဦးရေရဲ့ ၀.၆၁ ရာခိုင်နှုန်းရှိပါတယ်။ စုစုပေါင်း အပ်ငွေပမာဏရဲ့ ၁၉.၈၄ ရာခိုင်နှုန်းရှိပါတယ်။ ကျပ်သိန်း ၁၀၀၀ အထက် အပ်ငွေအုပ်စုမှာဆိုရင် စုစုပေါင်းငွေ အပ်နှံသူဦးရေရဲ့ ၀.၃၆ ရာခိုင်နှုန်းရှိပါတယ်။ စုစုပေါင်းအပ်ငွေပမာဏရဲ့ ၃၆.၀၄ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ အုပ်စုအလိုက်တင်ပြရမယ်ဆိုရင် ကျပ် ၁ သိန်းအထိမှာ ငွေအပ်နှံသူဦးရေရဲ့ ၆၅.၄၆ ရာခိုင်နှုန်းရှိပြီးတော့ ငွေပမာဏအနေနဲ့ကတော့ အပ်နှံငွေစုစုပေါင်းရဲ့ ၀.၈၀ ရာခိုင်နှုန်းပဲရှိပါတယ်။ ကျပ် ၁ သိန်းမှ ၅ သိန်းအထိကတော့ အပ်နှံသူဦးရေရဲ့ ၁၂.၉၀ ရာခိုင်နှုန်းရှိပြီးတော့ အပ်နှံငွေပမာဏရဲ့ ၁.၂၇ ရာခိုင်နှုန်းရှိပါတယ်။ ကျပ် ၅ သိန်းမှ ၁၀ သိန်းအထိကတော့ အပ်နှံသူဦးရေရဲ့ ၅.၃၂ ရာခိုင်နှုန်းပဲ ရှိပြီးတော့ အပ်နှံငွေပမာဏရဲ့ ၁.၄၇ ရာခိုင်နှုန်း ရှိပါတယ်။ ကျပ် ၁၀ သိန်းမှ ၅၀ သိန်းအထိက ငွေအပ်နှံသူဦးရေရဲ့ ၈.၆၁ ရာခိုင်နှုန်းရှိပြီးတော့ အပ်နှံငွေပမာဏရဲ့ ၇.၁၂ ရာခိုင်နှုန်းရှိပါတယ်။ ကျပ် ၅၀ သိန်းမှ ၁၀၀ သိန်းအထိကတော့ အပ်နှံသူဦးရေရဲ့ ၃.၀၀ ရာခိုင်နှုန်းရှိပြီးတော့ အပ်နှံငွေပမာဏရဲ့ ၆.၈၉ ရာခိုင်နှုန်းရှိပါတယ်။ ကျပ်သိန်း ၁၀၀ မှ ၅၀၀ သိန်းအထိကတော့ အပ်နှံသူဦးရေရဲ့ ၃.၇၄ ရာခိုင်နှုန်းရှိပြီးတော့ အပ်နှံငွေပမာဏက ၂၆.၅၇ ရာခိုင်နှုန်းရှိပါတယ်။ ကျပ်သိန်း ၅၀၀ မှ ၁၀၀၀ သိန်းအထိကတော့ အပ်နှံသူဦးရေရဲ့ ၀.၆၁ ရာခိုင်နှုန်းရှိပြီးတော့ အပ်နှံငွေပမာဏရဲ့ ၁၉.၈၄ ရာခိုင်နှုန်းရှိပါတယ်။ ကျပ်သိန်း ၁၀၀၀ နှင့်အထက်ကတော့ အပ်နှံသူဦးရေရဲ့ ၀.၃၆ ရာခိုင်နှုန်း ရှိပြီးတော့ အပ်နှံငွေပမာဏရဲ့ ၃၆.၀၄ ရာခိုင်နှုန်း ရှိပါတယ်။ အဓိကတင်ပြရမယ်ဆိုရင် ကျပ်သိန်း ၅၀၀ အထက် အပ်နှံသူဟာ စုစုပေါင်း ငွေပမာဏအနေနဲ့ ၅.၈၈ ရာခိုင်နှုန်းရှိပါတယ်။ အပ်နှံသူဦးရေ အနေနဲ့ကတော့ ၀.၉၇ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။

ဘဏ်များအနေနဲ့က လစဉ် လဆန်း ၅ ရက်အတွင်းမှာ ငွေစုဘဏ်အပ်ငွေအပေါ်မှာ အတိုးတွက်ချက်ပေးလျက်ရှိပါတယ်။ ဒီလို အတိုးပေးရာမှာလည်း လတစ်လအတွင်းမှာ ငွေထုတ်ယူခြင်းမပြုမှသာ အတိုးပေးပါတယ်။ အကယ်၍ လစဉ်လဆန်း ၅ ရက်အတွင်း ငွေပေးသွင်းပေမယ့်လည်း ဒီနောက်ပိုင်းမှာ ငွေထုတ်ယူလို့ရှိရင် လတစ်လရဲ့ အနည်းဆုံးငွေ လက်ကျန်အပေါ်မှာသာ အတိုးပေးကြပါတယ်။ ငွေစုဘဏ်စာရင်းလက်ကျန်တွေဟာ လတစ်လအတွင်း နေ့စဉ်အပြောင်းအလဲများစွာ ရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အကြံပြုချက်အရ

ဘဏ်များမှ အတိုးတွက်ချက် ပေးရမယ်ဆိုလို့ရှိရင် လွန်စွာခက်ခဲရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတကာမှာ ငွေစုဘဏ်အပ်ငွေပမာဏအပေါ်မှာ မူတည်ပြီးတော့ အတိုးပေးမှုကွာခြားခြင်းမရှိဘဲနဲ့ အချိန်ကာလအပေါ်မူတည်ပြီးတော့သာ အတိုးပေးမှုကွာခြားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ယေဘုယျအားဖြင့် မြန်မာနိုင်ငံမှာ ရှိတဲ့ ဘဏ်များကနေပြီးတော့ နိုင်ငံတကာဘဏ်များလိုပဲ အချိန်ပိုင်းအပ်ငွေ(Time Deposit)လက်ခံပြီးတော့မှ ၃ လစာရင်းသေအပ်ငွေအပေါ်မှာ အတိုးနှုန်း ၈ ရာခိုင်နှုန်း၊ ၆ လစာရင်းသေအပ်ငွေအပေါ်မှာ အတိုးနှုန်း ၈.၅ ရာခိုင်နှုန်း၊ ၉ လစာရင်းသေအပ်ငွေအပေါ်မှာ အတိုးနှုန်း ၈.၇၅ ရာခိုင်နှုန်း၊ ၁ နှစ်စာရင်းသေအပ်ငွေအပေါ်မှာ အတိုးနှုန်း ၉ ရာခိုင်နှုန်း၊ ၂ နှစ်စာရင်းသေအပ်ငွေအပေါ်မှာ အတိုးနှုန်း ၉.၅ ရာခိုင်နှုန်း၊ ၃ နှစ်စာရင်းသေ အပ်ငွေအပေါ်မှာ အတိုးနှုန်း ၁၀ ရာခိုင်နှုန်း အသီးသီးပေးကြပါတယ်။ ယခုကဲ့သို့ အတိုးနှုန်းအနည်းငယ်စီ ကွာခြားပြီးပေးရတဲ့ ရည်ရွယ်ချက်ကတော့ နှစ်ရှည်အပ်ငွေများများအပ်ခြင်းဖြင့် နှစ်ရှည်ချေးငွေ ပိုမိုခွင့်ပြုနိုင်ရန်အတွက် ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အပ်ငွေကျပ်သိန်း ၁၀၀၀ အထက်ကို အတိုး ၄ ရာခိုင်နှုန်းနဲ့ ကျပ်သိန်း ၁၀၀၀ အထိ အပ်ငွေကို အတိုး ၆ ရာခိုင်နှုန်းသာ ပေးမည်ဆိုလို့ရှိရင် အတိုးနှုန်းအမြင့်ဆုံးဖြစ်တဲ့ ၈ ရာခိုင်နှုန်းရရှိဖို့အတွက် ပြည်သူလူထုအနေနဲ့ အပ်ငွေကျပ်သိန်း ၅၀၀ အဖြစ်ပဲ ငွေစုဘဏ်စာရင်းတွေ ဖွင့်လှစ်လာနိုင်ပြီးတော့ ဘဏ်များမှာ ငွေစုဘဏ်စာရင်းတွေ ဖောင်းပွလာနိုင်ကြောင်းလည်း သုံးသပ်ရရှိပါတယ်။ ဒါကြောင့် ဘဏ်များမှာ ကျပ်သိန်း ၁၀၀၀ နဲ့ ကျပ်သိန်း ၁၀၀၀ အထက် အပ်ငွေအုပ်စုပမာဏ ကျဆင်းသွားပြီး ကျပ်သိန်း ၅၀၀ အထိ အုပ်စုဦးရေ တိုးပွားလာရန်သာ ရှိပြီးတော့ ထူးခြားမှုမရှိနိုင်ကြောင်းလည်း သုံးသပ်ရရှိပါတယ်။ ဘဏ်များမှာ ငွေစုတဲ့ ပင်စင်စား၊ လခစား၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ အပ်ငွေပမာဏအပေါ်မူတည်ပြီးတော့ မတူညီတဲ့ အတိုးနှုန်းတွေ ပေးဖို့ မသင့်ဘဲနဲ့ တစ်ပြေးညီတူညီတဲ့ အတိုးနှုန်းကိုသာ ပေးသင့်ပါတယ်။ ဒီလို မတူညီတဲ့ အခွင့်အလမ်းများ မပေးလို့လည်း တည်ဆဲမြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(ခ)မှာ ဘဏ်များမှာ မိမိအတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအတွက်လည်းကောင်း မမျှတတဲ့ အခွင့်အလမ်းများ ရရှိစေမယ့် မမှန်ကန်သော လုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားရှိပါတယ်။ အပ်ငွေပမာဏ အုပ်စုအမျိုးမျိုး သတ်မှတ်ဆောင်ရွက်မယ်ဆိုရင် အတိုးနှုန်းအမျိုးမျိုး တွက်ချက်ဆောင်ရွက်ရမည်ဖြစ်တဲ့အတွက် ဝန်ထမ်းများ အပိုင်းမှာလည်း မှားယွင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ အလားတူ တောင်တန်းနယ်စပ်ဒေသနှင့် ပြည်နယ်များမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေတဲ့ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီငယ်များမှ

ချေးယူသော ချေးငွေအပေါ် ဘဏ်အတိုး ၆ ရာခိုင်နှုန်းနှင့် နိုင်ငံတော်ချေးငွေရယူပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံလုပ်ငန်း ဆောင်ရွက်နေတဲ့ ကုမ္ပဏီကြီးများမှ ချေးယူသော ချေးငွေအပေါ် အတိုးနှုန်း ၈ ရာခိုင်နှုန်း ပြင်ဆင်ပေးဖို့ ပြည်သူလူထုအတွင်းမှ အကြံပြုတင်ပြချက်များအပေါ် ဖော်ဆောင်ပေးနိုင်ခြင်း ရှိ/မရှိမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဘဏ်များဟာ အပ်ငွေလက်ခံပြီး ချေးငွေများ ထုတ်ချေးပါတယ်။ လက်ရှိမှာ အပ်ငွေအပေါ် အတိုးနှုန်း ၈ ရာခိုင်နှုန်း ပေးလျက်ရှိရာ အကြံပြုပါအတိုင်း ဘဏ်များမှ ဆောင်ရွက်ပေးရမယ်ဆိုလို့ရှိရင် ဘဏ်များအနေနဲ့ ၂ ရာခိုင်နှုန်း အရှုံးဖြစ်ပေါ်နေမည် ဖြစ်ပါတယ်။ ဘဏ်အပ်ငွေအပေါ် ပေးတဲ့ အတိုးနှုန်း လျှော့ချမည်ဆိုပါကလည်း ဘဏ်အပ်ငွေများ ထုတ်ယူမှု ဖြစ်ပေါ်လာနိုင်ပြီးတော့ ကုန်ထုတ်လုပ်မှုကို အထောက်အကူမပြုတဲ့ ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာ နိုင်တဲ့အတွက် ကုန်ဈေးနှုန်းများ ကြီးမြင့်လာနိုင်ပါတယ်။ အလားတူ သွင်းအားစုများရဲ့ ဈေးနှုန်း ကြီးမြင့်လာမှုကြောင့်လည်း စက်မှုကုန်ထုတ်လုပ်ငန်းများ အခက်အခဲဖြစ်ပြီးတော့ တိုင်းပြည်ရဲ့ စီးပွားရေးကိုလည်း ထိခိုက်လာနိုင်ပြီးတော့မှ အလုပ်လက်မဲ့နှုန်း တိုးလာနိုင်တာကြောင့် ဘက်စုံ ကဏ္ဍစုံမှ စဉ်းစားရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အပ်ငွေအပေါ်ပေးတဲ့ ဘဏ်အတိုးနှုန်းကို လျှော့ချမည်ဆိုလို့ရှိရင် ဘဏ်အတိုးနှုန်းထက် ပိုမိုအကျိုးအမြတ်ရရှိမယ့် တရားဝင်လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံသလိုပဲ တရားမဝင်တဲ့လုပ်ငန်းများမှာလည်း ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာနိုင်တဲ့ အတွက် သွယ်ဝိုက်သော အနေနဲ့ ဘဏ်များအပေါ်မှာ ဂယက်ရိုက်ခတ်မှုဖြစ်ပေါ်နိုင်ပါတယ်။ နိုင်ငံတကာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘဏ်လုပ်ငန်းနဲ့ အရင်းအနှီးဈေးကွက်(Capital Market)တို့ဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာမှာ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာကဲ့သို့ အရင်းအနှီးဈေးကွက်မပေါ်ပေါက်မီမှာ ဘဏ်လုပ်ငန်းအပေါ် အခြေခံပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ဗဟိုဘဏ်တို့ဟာ အရင်းအနှီး ဈေးကွက်ပေါ်ပေါက်ရန်အတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အရင်းအနှီး ဈေးကွက်မပေါ်သေးလို့ ဘဏ်လုပ်ငန်းသို့ အပ်နှံလာတဲ့ အများပြည်သူရဲ့ အပ်ငွေများနဲ့ လုပ်ငန်းရှင်များသို့ ထုတ်ချေးပြီးတော့မှ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုစတဲ့ လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် ဘဏ်များ ကနေပြီးတော့ ချေးငွေထုတ်ချေးပေးရေးဟာလည်း အဓိကကျလှပါတယ်။ ထုတ်ချေးတဲ့ချေးငွေများ မှာလည်း ပြည်သူလူထုက အပ်နှံတဲ့ အပ်ငွေများဖြစ်ပြီးတော့ ဘဏ်များကို အဆိုပါအပ်ငွေများ ရောက်ရှိရေးဟာလည်း ပိုပြီးတော့အရေးကြီးပါတယ်။ ဘဏ်မှာရှိတဲ့ ငွေတွေအနက် ၁၀ ရာခိုင်နှုန်းမှာ မတည်ငွေဖြစ်ပြီးတော့မှ ကျန် ၉၀ ရာခိုင်နှုန်းဟာ အများပြည်သူ အပ်ငွေများဖြစ်ပါတယ်။ ဒါကြောင့်

ပြည်သူလူထုက ဘဏ်များအပေါ် ယုံကြည်မှုရှိရန် အထူးလိုအပ်ပါတယ်။ ဘဏ်များအပေါ် ယုံကြည်မှု မရှိလို့ရှိရင် ငွေလာရောက်မအပ်ဘဲ ဘဏ်များအနေနဲ့ ရေရှည်ရပ်တည်နိုင်မှာ မဟုတ်ကြောင်း တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ်များအနေနဲ့ လက်ရှိအပ်ငွေနဲ့ ချေးငွေ အပေါ် အတိုးနှုန်းကွာခြားချက် ၅ ရာခိုင်နှုန်းကို အပြည့်အဝမရရှိကြောင်း ဘဏ်များမှ တင်ပြကြပါ တယ်။ ဘဏ်များဟာ ပြည်သူလူထုမှ ငွေကျပ် ၁၀၀ လာအပ်တိုင်းမှာ ဒီချေးငွေအားလုံးကို ထုတ်ချေးခွင့် မရှိဘူး။ ပြည်သူလူထုမှ အပ်ငွေပြန်လည်ထုတ်ပေးဖို့ တောင်းခံတဲ့အခါမှာ ပြန်လည်ထုတ်ပေးနိုင်ရန် အတွက်ကို သီးသန့်ငွေ(Reserve)အနေနဲ့ ၁၀ ရာခိုင်နှုန်းနဲ့ ငွေဖြစ်လွယ်ကူမှုအချိုး(Liquidity Ratio) ၂၀ ရာခိုင်နှုန်းကို ဗဟိုဘဏ်ရဲ့ ညွှန်ကြားချက်အရ မဖြစ်မနေချန်လပ်ထားရှိရပါတယ်။ ဒီညွှန်ကြားချက် ဟာ နိုင်ငံတကာစံနှုန်းများနှင့်အညီ သတ်မှတ်ထားရှိတဲ့ ညွှန်ကြားချက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဘဏ်များအနေနဲ့ ပြည်သူလူထုမှ ငွေ ၁၀၀ ကျပ် လာရောက်အပ်နှံတဲ့အခါ ၃၀ ရာခိုင်နှုန်း ချန်လှပ်ပြီး တော့မှ ကျန် ၇၀ ရာခိုင်နှုန်းကိုပဲ ပြည်သူလူထုကို ထုတ်ချေးနိုင်ပါတယ်။ ဘဏ်များရရှိတဲ့ အတိုးနှုန်းကွာခြားချက် ၅ ရာခိုင်နှုန်းအနက်မှာလည်း ဘဏ်များအနေနဲ့ နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါ ဝင်ငွေခွန်အတွက် ၃၀ ရာခိုင်နှုန်း၊ ဥပဒေအရ ထားရှိရမယ့် အထွေထွေ သီးသန့်ငွေ(General Reserve)အတွက် ၂၅ ရာခိုင်နှုန်း၊ ဆုံးရှုံးနိုင်ခြေရှိသော ချေးငွေများအတွက် ချေးငွေအပေါ် အထွေထွေလျာထားမှု(General Provision)အတွက် ၂ ရာခိုင်နှုန်းနှင့် အရေးပေါ်သီးသန့်ငွေ (Contingency Reserve)တို့ကို လျာထားရတာကြောင့် အတိုးနှုန်း ကွာခြားချက် ၅ ရာခိုင်နှုန်းကို ဘဏ်များမှ အပြည့်အဝမရရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဘဏ်များအနေနဲ့ ငွေလွှဲလုပ်ငန်း၊ နိုင်ငံခြားသုံးငွေကြေးလဲလှယ်ရောင်းဝယ်ရေးလုပ်ငန်း၊ အလိုအလျောက် ငွေထုတ်စက်ဖြင့် ငွေထုတ်ပေးခြင်းလုပ်ငန်း၊ Online အသုံးပြု၍ လျှပ်စစ်မီတာဘီလ် များ၊ တယ်လီဖုန်းဘီလ်များ ပေးဆောင်တဲ့လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မိုဘိုင်းဖုန်းအသုံးပြုပြီး တော့မှ ဘဏ်ငွေ လက်ကျန်စာရင်းကြည့်ရှုနိုင်တဲ့ လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာသုံး Visa Card ၊ Master Card များ အသုံးပြုပြီးတော့မှ သတ်မှတ်ထားသော ဘဏ်များရဲ့ ATM စက်များနဲ့ Point of Sale Terminal များမှာ မြန်မာကျပ်ငွေထုတ်ပေးတဲ့ လုပ်ငန်းဆောင်ရွက်ခြင်း စတဲ့ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းဖြင့် အခြားဝင်ငွေများရရှိစေရန် ဆောင်ရွက်ရတာရှိပါတယ်။ ဗဟိုဘဏ်အတိုးနှုန်းကို သတ်မှတ်တဲ့နေရာမှာလည်းပဲ ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားများနှင့် လူလတ်တန်းစားတိုင်းရင်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်တန်းနယ်စပ်ဒေသနှင့်

ပြည်နယ်များရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဆောင်ရွက်နေတဲ့လုပ်ငန်းရှင်များ၊ ကုမ္ပဏီငယ်များ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်နေတဲ့ ကုမ္ပဏီကြီးများရဲ့ စီးပွားရေးအခြေအနေ တို့ကိုသာ စဉ်းစားပြီး သတ်မှတ်၍မရဘဲနဲ့ ငွေကြေးပမာဏ၊ ငွေကြေးဖောင်းပွမှုနှုန်းတို့အပြင် ထုတ်လုပ်မှု၊ အလုပ်အကိုင်ရရှိမှု၊ ကုန်သွယ်မှု ထို့မှတစ်ဆင့် နိုင်ငံခြားငွေလဲလှယ်မှုအတက်အကျစတဲ့ ကိန်းရှင် များကိုပါ ထည့်သွင်းစဉ်းစားကြတာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းတို့ကို ပိုမိုအထောက်အကူပြုဖို့အတွက် ဘဏ်လုပ်ငန်းစနစ်များ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ရေရှည်ရေးဆွဲဆောင်ရွက်လျက်ရှိပြီးတော့မှ နိုင်ငံတကာ အဆင့်မီ ဘဏ်လုပ်ငန်းစနစ် ဖြစ်စေဖို့နဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း၊ ငွေစုဘဏ်နဲ့ ဖွံ့ဖြိုးရေးချေးငွေ လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပြီး နှစ်လတ်နှင့် နှစ်ရှည်ချေးငွေများ ပိုမို ပံ့ပိုးဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နှစ်ချင်းဆပ်ချေးငွေများကိုလည်း လက်ရှိချေးပေးနေတဲ့ အတိုးနှုန်း ၁၃ ရာခိုင်နှုန်းအောက် လျှော့နည်းသက်သာတဲ့ ချေးငွေအတိုးနှုန်းနဲ့ ဖွံ့ဖြိုးရေးစီမံကိန်း အမျိုးအစား၊ ချေးငွေသက်တမ်းနဲ့ ချေးယူမယ့် အဖွဲ့အစည်းရဲ့ Credit Worthiness အခြေအနေများ အလိုက်ကို ထုတ်ချေးသွားနိုင်ဖို့အတွက်ကို လေ့လာသုံးသပ်လျက်ရှိပါတယ်။ ဗဟိုဘဏ်အနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးကို တည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်ကို လက်ရှိစီးပွားရေးနဲ့ ငွေရေး ကြေးရေးအခြေအနေများအပေါ်မှာ လေ့လာသုံးသပ်ပြီးတော့ ငွေကြေးမူဝါဒနည်းလမ်းများ အသုံးပြုပြီးတော့ နိုင်ငံတကာဘဏ်အတိုးနှုန်းများနှင့် နှိုင်းယှဉ်ပြီး လက်ရှိမြန်မာနိုင်ငံရဲ့ ဘဏ်အတိုး နှုန်းကိုလည်း သင့်တော်တဲ့အချိန်မှာ သင့်တော်တဲ့ အတိုးနှုန်းသို့ ပြင်ဆင်ပေးနိုင်ရန်အတွက် အစဉ်တစိုက် လေ့လာသုံးသပ်ပြီးတော့ ဆန်းစစ်စောင့်ကြည့်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သွင်းကုန်/ပို့ကုန်လုပ်ငန်းရှင်များအပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မမေးမယ့် မေးခွန်းကတော့ ၆-၆-၂၀၁၃ ရက်နေ့ သတင်းစာမှာပါတဲ့ သွင်းကုန်ပို့ကုန် လုပ်ငန်းရှင်တွေအပေါ်မှာ ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန်ကောက်ခံဖို့ဆိုပြီးတော့ ဘဏ္ဍာရေးနဲ့

အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနကနေပြီးတော့ အမိန့်ညွှန်ကြားလွှာ ထွက်ရှိတဲ့ အပေါ်မှာ တည်ပြီးတော့ မေးခွန်းမေးမှာ ဖြစ်ပါတယ်။ တကယ့်တကယ်ကျတော့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်တဲ့ ညွှန်ကြားခဲ့ တဲ့ ဒီဦးစီးဌာနရဲ့ ညွှန်ကြားလွှာအမှတ် ၂/၂၀၁၃ ဟာ ဆိုလို့ရှိရင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေရဲ့ ပို့ကုန် ဒါမှမဟုတ် သွင်းကုန်ပြုလုပ်တဲ့အချက်အခြာနေရာမှာ ကောက်ခံခြင်းအားဖြင့် သူတို့ဆီကနေပြီး ဝင်ငွေခွန်တွေ မလစ်ဟင်းဘူးဆိုတဲ့ ကောက်ခံရရှိရေး အတွက် ရည်ရွယ်ပြီးတော့ ၂ ရာခိုင်နှုန်းတိုးမြှင့် ကြိုတင်ငွေ ကောက်ခံတယ်ဆိုတာကို အလွန်ကောင်း သော ရည်ရွယ်ချက်မို့လို့ ကျွန်မက ထောက်ခံ ပါတယ်။ ဒါပေမယ့် ဒီလို ၂ ရာခိုင်နှုန်း ကြိုတင် ကောက်ခံမယ်ဆိုတာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံးသိတဲ့အတိုင်း ကျွန်မတို့ လွှတ်တော်က ဥပဒေပြုရေးလုပ်ရမှာဖြစ်ပါတယ်။ ဒီ ၂ ရာခိုင်နှုန်း ကောက်ခံတယ်ဆိုတော့ ဥပမာ ကျွန်မတို့ပြောရရင် ပစ္စည်းတစ်ခုကို သွင်းလာတယ်။ သွင်းလာလို့ ရှိရင် Custom Duty က ၁.၅ ရာခိုင်နှုန်းပေးရတယ်။ Commercial Tax က ၅ ရာခိုင်နှုန်းပေး ရတယ်။ အဲဒီအပြင် အခုက ကြိုတင်ခွန်ဆိုပြီးတော့ ၂ ရာခိုင်နှုန်းကောက်မယ်လို့ ဆိုလိုတာပါ။ အဲဒီတော့ ဒီ ၂ ရာခိုင်နှုန်း ကြိုတင်ငွေကောက်မယ်ဆိုတာကို ပြန်ကြည့်မယ်ဆိုရင် လုပ်ပိုင်ခွင့်အရ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁ မှာဆိုရင်တော့ ဝင်ငွေခွန်အမျိုးအစားနဲ့ပတ်သက်လို့ သတ်မှတ် ထားတာရှိပါတယ်။ ဒါပေမယ့် ဒီ ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေပုဒ်မ ၂၃ ကဖြင့် အစားထိုး ပြင်ဆင်လိုက်တာ ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ကျွန်မတို့ ဒီလွှတ်တော် ပေါ်ပြီးနောက်ပိုင်းမှ စပြီးတော့ ဧပြီလ ၁ ရက်နေ့က စပြီးတော့ ပုဒ်မ ၅၁ က အောက်ပါအတိုင်း ရပ်တည်လျက်ရှိပါတယ်။ ဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် (က) လိုအပ်သော နည်းဥပဒေများ နှင့် စည်းမျဉ်းများ၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည်၊ (ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဆိုပြီးတော့ တည်ဆဲပြဋ္ဌာန်းချက်များအရ ဝင်ငွေခွန်နှုန်းတွေကို သတ်မှတ်ခြင်းနဲ့ ပတ်သက်တဲ့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်ကို ပြောထားခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အခု ဝင်ငွေခွန်နဲ့ ပတ်သက်လို့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနမှာ ပုဒ်မ ၄ နဲ့ ပတ်သက်ပြီးတော့ပဲ လုပ်ပိုင်ခွင့်ရှိပြီးတော့ ပုဒ်မ ၅၁ နဲ့ပတ်သက်ပြီးတော့ လုပ်ပိုင်ခွင့်မရှိတာ တွေ့ရပါတယ်။ အရင်တုန်းက အခွန်နှုန်းထားသတ်မှတ်မှုတွေကို နှစ်အလိုက် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့တဲ့အခါမှာ ၂၀၀၆ ခုနှစ် ဝင်ငွေခွန်ဥပဒေပြင်ဆင်တဲ့ဥပဒေ အားဖြင့်

ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာနကို အခွန်နှုန်းသတ်မှတ်မှုစသည်များကို အပ်နှင်းခဲ့ခြင်းဖြစ် ပါတယ်။ ဝင်ငွေခွန်ဥပဒေသတ်မှတ်တာနဲ့ အခွန်နှုန်း အမျိုးမျိုးပြောင်းလဲသတ်မှတ်တာနဲ့ မတူပါဘူး။ အခုအခါမှာဆိုရင် ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်မှာ အခွန်နှုန်းများသတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်ကပဲ ဥပဒေပြုသတ်မှတ်ထိုက်ကြောင်းအခုလူတွေ အားလုံးက ကိုယ်စားလှယ်များအားလုံးက၊ ပြည်သူများအားလုံးက အမှန်အတိုင်း မြင်လာကြပြီလို့ ကျွန်မက တွေ့ရပါတယ်။ အဲဒီ အခုအခါကျတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနကနေပြီးတော့ အခွန်နှုန်းထားသတ်မှတ်မှုများကို ဆောင်ရွက်လိုလို့ရှိရင် တည်ဆဲပြဋ္ဌာန်းချက်များအရ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄ အရပဲ ကိုယ်တိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလုပ်ပိုင်ခွင့်ကို လက်အောက်မှာရှိတဲ့ ဦးစီးဌာနတစ်ခုခုသို့ တာဝန်လွှဲအပ်ခြင်း Delegate ပြုလုပ်တာကို ဆိုလိုတာပါ။ ဆောင်ရွက်စေချင် တာမဟုတ်ပါဘူး။ ပြည်ထောင်စုသမ္မတမြန်မာတော်နိုင်ငံတော်လက်ထက်မှာ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၁၀၆/၂၀၁၂) ကနေပြီးတော့(၁၁၂/၂၀၁၂)အထိ ထုတ်ပြန်ထားတဲ့ ဝင်ငွေခွန်ဆိုင်ရာနှုန်းထားသတ်မှတ်မှုတွေ ကိုလည်း သာဓကကြည့်လို့ရပါတယ်။ အဲဒီတော့ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁ သည် အခွန်နှုန်း သတ်မှတ်မှုများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်မဟုတ်ပါဘူး။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အနေနဲ့ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ အရသာ ဆောင်ရွက်ခွင့်ရှိပါတယ်။ ဒါကြောင့် ကျွန်မက မေးခွန်း မေးမှာပါ။ သွင်းကုန်/ပို့ကုန် လုပ်ငန်းရှင်များအပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန်ကောက်ခံရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ဌာနတွင်း ညွှန်ကြားလွှာအမှတ် ၂/၂၀၁၃ (ဦးစ)ဆိုသည်ဖြင့် ညွှန်ကြားဆောင်ရွက်စေခြင်းသည် တည်ဆဲဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါ၏လား အကယ်၍ မညီညွတ်လျှင် ယင်းဆောင်ရွက်စေမှုကို ရုပ်သိမ်း စေပြီး သွင်းကုန်/ပို့ကုန်လုပ်ငန်းဆောင်ရွက်စေမှု ဆောင်ရွက်သူကုမ္ပဏီများ တစ်ဦးချင်း ပုဂ္ဂိုလ်များ ထံမှ ဝင်ငွေခွန်အပြင် ကုန်သွယ်လုပ်ငန်းခွန်ပါ ပုံမှန်စည်းကြပ်မှုတို့၌ အလေအလွင့်မရှိစေဘဲ ကောက်ခံရရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ က မည်သို့အစားထိုး စီမံဆောင်ရွက်ပါမည် နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးမေးမြန်းတဲ့ သွင်းကုန်၊ ပို့ကုန် လုပ်ငန်းရှင်များအပေါ် ၂ ရာခိုင်နှုန်းကြိုတင် ဝင်ငွေခွန်ကောက်ခံရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်စေခြင်းဟာ တည်ဆဲဝင်ငွေခွန်ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါသလား။ အကယ်၍ မညီညွတ်ပါက ဝင်ငွေခွန်အပြင် ကုန်သွယ်လုပ်ငန်းခွန်ပါ ပုံမှန် စည်းကြပ်မှုတို့၌ အလေအလွင့် မရှိစေရန် ကောက်ခံ ရရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မည်ကဲ့သို့အစားထိုးစီမံ ဆောင်ရွက်ပါမည်နည်းဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (က)မှာ မည်သူမဆို နှစ် ၁ နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေရှိလျှင် ထိုဝင်ငွေ ရရှိချိန်၌ ဝင်ငွေခွန် ပေးဆောင်ရန် တာဝန်ရှိစေရမည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၁၅ ပုဒ်မခွဲ (ခ)မှာ မည်သူ့အားမဆို နှစ် ၁ နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းငွေရှိသည် ဟုယူဆလျှင် မြို့နယ်အခွန် ဦးစီးဌာနမှူးဟာ ရရှိထားတဲ့ သတင်းအချက်အလက်များပေါ်အခြေပြုလျက် ဝင်ငွေခွန်ပေးဆောင်ရန် တောင်းခံနိုင်သည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသော်လည်း ဝင်ငွေရရှိချိန်မှာ ဥပဒေအရပေးဆောင် ရမယ်ဆိုပေမယ့်လည်း လက်တွေ့လုပ်ငန်းဆောင်ရွက်ရာမှာ ခက်ခဲမှုများရှိတဲ့အတွက် အခွန်လွတ်ကင်းမှုများ၊ တိမ်းရှောင်မှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါ့အပြင် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများမှာ ကုမ္ပဏီများကိုသာ ယခင်ခွင့်ပြုပြီးတော့မှ ယခုအခါ တစ်ဦးတည်းပိုင် လုပ်ငန်းများကိုလည်းခွင့်ပြု နေပြီဖြစ်ခြင်း၊ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းတိုးကာလကို ၅ နှစ် ၁ ကြိမ်သာသက်တမ်းတိုး ဆောင်ရွက်ရန် ဖြေလျှော့ထားခြင်းတို့ကြောင့် အောက်ဖော်ပြပါကိစ္စများ ပေါ်ပေါက်လာနိုင်ကြောင်း သုံးသပ်ရရှိတဲ့ အတွက် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကောက်ခံခြင်းဖြစ်ပါတယ်။ အဲ့ဒီဖော်ပြပါကိစ္စ ရပ်များကတော့ (က) ကုမ္ပဏီမှတ်ပုံတင်သတ်တမ်းတိုးရန်သတ်မှတ်ထားသည့် ၅ နှစ်ကာလအတွင်းမှာ အချို့သော ကုမ္ပဏီလုပ်ငန်းတို့ဟာ အခွန်ပေးဆောင်ခြင်းမပြုဘဲ ရှောင်တိမ်းနေနိုင်ခြင်း၊ (ခ) အသစ် တည်ထောင်ပြီးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများအနေနဲ့ ၁ နှစ်အတွင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်း များကို လုပ်ကိုင်ပြီးဆက်လက်လုပ်ကိုင်လိုခြင်း မရှိတော့ပါက အခွန်လွတ်ကင်းမှုများ ရှိနိုင်ခြင်း၊ (ဂ) ပို့ကုန်၊ သွင်းကုန်နယ်ပယ်မှာ လုပ်ငန်းဆောင်ရွက်လေ့မရှိသူများ ဝင်ရောက်လာပြီး အခွန်မပါ

ရောင်းဈေးနှုန်းများဖြင့် ဆောင်ရွက်လာတဲ့အတွက် အမှန်တကယ် အခွန်ပေးဆောင်နေတဲ့ ကုမ္ပဏီများအနေဖြင့် ဈေးကွက်အတွင်း မယှဉ်ပြိုင်နိုင်တဲ့ ဖြစ်စဉ်များဖြစ်ပေါ်လာနိုင်ခြင်းတို့ပဲဖြစ်ပါတယ်။ ဒီလိုကြိုတင် ဝင်ငွေခွန်ကို ပို့ကုန်နှင့် သွင်းကုန်အပေါ်ပေးသွင်းစေခြင်းဟာ အခွန်လွတ်ကင်းမှု မရှိစေရေးအတွက် ရည်ရွယ်တဲ့ အပြင် အခွန်ဆိုင်ရာလိုက်နာမှု ပိုမိုရရှိလာစေရေး၊ ကုန်စည်တင်ပို့၊ တင်သွင်းတဲ့အကြိမ်တိုင်းမှာ အခွန်ကိုအလီလီပေးဆောင်ခွင့်ရရှိတဲ့အတွက် အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ သက်တောင့် သက်သာပေးသွင်းနိုင်စေရေးနဲ့ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဝင်ငွေရရှိချိန်မှာ အခွန်ပေးဆောင်စေတဲ့ အလေ့အကျင့်ကောင်းရရှိစေခြင်းနဲ့ ကိုယ်တိုင်အခွန်စည်းကြပ်မှုစနစ်(Self Assessment System)အတွက် အလေ့အကျင့်ရရှိစေရေး ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဘဏ္ဍာရေးဝန်ကြီးဌာနဟာ ပုဒ်မ ၅၁ ပုဒ်မခွဲ(ခ) အရ လိုအပ်တဲ့ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်တွေဟာ အခွန်စီမံခန့်ခွဲမှု(Tax Administration)ကို ဘဏ္ဍာရေးဝန်ကြီးဌာနကို အပ်နှင်းထားခြင်းဖြစ်တဲ့အတွက် ဒီအပ်နှင်းထားခြင်းအရ အခွန်စီမံခန့်ခွဲမှုအနေနဲ့ ကြိုတင်အခွန်ကောက်ခံခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းရှင်များအပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် ကောက်ခံရန် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်စေခြင်းဟာ အထက်ဖော်ပြပါတည်ဆဲဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ဥပဒေနှင့်ညီညွတ်မှုရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၄ အရ ကုန်သွယ်လုပ်ငန်းခွန် ကိုကုန်သွယ်လုပ်ငန်းခွန်ဥပဒေရဲ့ နောက်ဆက်တွဲဇယားပါ နှုန်းထားများအတိုင်း အခွန်ကျသင့်စေမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ နိုင်ငံတော်အတွင်းထုတ်လုပ်တဲ့ကုန်စည်များအပေါ်မှာလည်းကောင်း၊ နိုင်ငံတော်အတွင်းဆောင်ရွက်တဲ့ ဝန်ဆောင်မှုလုပ်ငန်းများအပေါ်မှာလည်းကောင်း၊ ပြည်ပမှတင်သွင်းတဲ့ ကုန်စည်များအပေါ်မှာလည်းကောင်း အခွန်ကျသင့်စေမှာဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန် အလေအလွင့်မရှိဘဲ ကောက်ခံရရှိရေးအတွက် ပြည်ပမှပစ္စည်းတင်သွင်းတဲ့သူက ပေးဆောင်ရမယ့်အခွန်ကို အကောက်ခွန် ကောက်ခံတဲ့နည်းလမ်းများအတိုင်း အကောက်ခွန်နှင့်တစ်ပါတည်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံပေးရမည်ဟု ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(င) မှာ ပြဋ္ဌာန်းထားပြီး ပြဋ္ဌာန်းချက်နှင့်အညီ အကောက်ခွန်ဦးစီးဌာနမှ ကောက်ခံပေးလျက်ရှိပါတယ်။ ဒါ့အပြင်

ရသင့်ရထိုက်တဲ့အခွန်များ အပြည့်အဝ ကောက်ခံရရှိစေဖို့အတွက်ကိုလည်း ပြည်တွင်းထုတ်လုပ် ရောင်းချမှုများဖြစ်တဲ့ ဓာတ်ဆီဆိုင်များ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ ပုဂ္ဂလိကဆေးရုံများ အစရှိတဲ့ Cash Rigister တပ်ဆင်အသုံးပြုတဲ့လုပ်ငန်းများမှာ ဂျပန်နိုင်ငံအစိုးရရဲ့ အထောက်အပံ့နဲ့ စက်များမှတစ်ဆင့် သတင်းအချက်အလက်ရရှိတဲ့ နည်းလမ်းကိုလည်း စတင်စမ်းသပ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ကို အလေးထားဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်းလို့ဆို ရမလား။ Counter Question ခေါ်ရမလား။ မေးချင်ပါတယ်။ ကျွန်မပြောတာက ကုန်သွယ်လုပ်ငန်း က ဥပဒေပုဒ်မ ၄ ကိုပြောတာပါ။ ဒုတိယဝန်ကြီးပြောတာက ကျွန်မ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ပြောတာပါ။ ဒုတိယဝန်ကြီးပြောတာက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၄ ဖြစ်ပါတယ်။ ကျွန်မဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ဆိုတာက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်ကို ဆိုလိုတာပါ။ အဲ့ဒီဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ကို ဖတ်ပြပါမယ်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် (က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါ ဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်။ (က) ရဲ့ (၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊ (၂) ဝင်ငွေခွန်အမျိုးအစား ၁ ခုစီအတွက် ဝင်ငွေခွန်နှုန်းထားများ၊(၃) နိုင်ငံခြားဝင်ငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစား ၁ ခုစီအတွက် ဝင်ငွေခွန်နှုန်းထားများ၊ (ခ) ပုဒ်မခွဲ က အရ အထက်က (က)အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် (၁) စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်၊(၂) အဆိုပါ စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်းရရှိသည့် စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူ အားလုံးအားဝင်ငွေအမျိုးအစား ၁ ခုစီအတွက် သတ်မှတ်သည့်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။ ခုနကတည်းကကျွန်မကပြောတယ်။ ပုဒ်မ ၅၁ ကိုဆိုလိုတာမှားနေတယ်။ အခွန်နှုန်းကိုပြောတာ။ အခုဟာက ဝင်ငွေခွန်ဥပဒေရဲ့ အပြောင်းအလဲကို ပြောတာပါ။ အဲ့ဒီတော့ ကျွန်မပြောတာက ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁ ၏တည်ရှိမှုသည် အခွန်နှုန်းသတ်မှတ်မှုများနှင့်သတ်ဆိုင် တဲ့ပြဋ္ဌာန်းချက်မဟုတ်ကြောင်း ပြန်လည်မေးမြန်းအပ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ခုနကရှင်းလင်းတင်ပြချက်မှာလည်း ပါပြီးဖြစ်ပါ

တယ်။ ဒီပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးတင်ပြတဲ့ ပုဒ်မ ၄ ကလည်း ဝင်ငွေခွန် ဥပဒေစာအုပ်ထဲမှာ ပါရှိတဲ့အတိုင်း ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာနအနေနဲ့ အခွန်နှုန်းထားတွေကို ဥပဒေနှင့်သတ်မှတ်ဖို့ဆိုတာ မှန်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ယခုပြုလုပ်တဲ့ ၂ ရာခိုင်နှုန်းဆိုတာ ကြိုတင်ခွန်အနေနဲ့ လုပ်တာဖြစ်ပါတယ်။ သူကအပြီးသတ် စည်းကြပ်မှု မဟုတ်သေးပါဘူး။ ဒီ ၂ ရာခိုင်နှုန်းကောက်ခံပြီးရင် သက်ဆိုင်ရာ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေနဲ့ အပြီးသတ်စည်းကြပ်မှုအတွက်ကို ပြန်လည်ပြီးတော့ စည်းကြပ်ကောက်ခံမှုဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကြိုတင်ခွန်ကောက်ခံခြင်းဟာ အပြီးသတ်စည်းကြပ်မှုမဟုတ်သေးဘဲနဲ့ နောက်ကျွန်တော်တို့အနေနဲ့ ခုနက တင်ပြတဲ့အတိုင်းပါပဲ အခွန်ကိုစီမံခန့်ခွဲမှုအရပဲ အခွန်တွေကို လစ်ဟာမှုမရှိအောင်ပေါ့လေ။ ကျွန်တော်တို့ ကောက်ခံနိုင် ဖို့အတွက်ကို ရည်ရွယ်ပြီးတော့မှ ကြိုတင်ခွန် ၂ ရာခိုင်နှုန်းအတွက်ကို ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘဏ်ကိစ္စနဲ့တစ်ကြိမ်၊ အခွန်ကိစ္စနဲ့တစ်ကြိမ် အခုလိုရှင်းလင်းတင်ပြပေးတဲ့အတွက် အင်မတန်မှ မှတ်သားစရာတွေရရှိပါတယ်။ သို့ရာတွင် ဒေါ်တင်နွယ်ဦး မေးတဲ့မေးခွန်းက ဥပဒေအရလုပ်ပိုင်ခွင့်မရှိတာတွေကို လုပ်ဆောင်တယ်။ ဒါကြောင့်မို့လို့ ဥပဒေနှင့်ညီ/မညီဆိုတဲ့ မေးခွန်းကိုမေးတယ်လို့ယူဆပါတယ်။ အခွန်ကိစ္စ၊ ဘဏ်ကိစ္စကလည်း အင်မတန်မှ ကျယ်ပြန့်ပြီးတော့ မြန်မာနိုင်ငံအတွက် အထူးအလေးထားဆောင်ရွက်မယ့် ကိစ္စတစ်ခုလည်းဖြစ်ပါတယ်။ အင်မတန်မှ လည်းသိမ်မွေ့နက်နဲတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့မေးခွန်းရှင်များအနေနဲ့ မိမိတို့ မေးတဲ့ အမေးကို ထိုက်တန်တဲ့အဖြေရရှိအောင်နဲ့ ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ဆက်လက် ပြီးတော့ဆွေးနွေးမှုများ သင့်တော်သလိုဆောင်ရွက်ဖို့ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ တိုက်တွန်းပါတယ်။ တစ်ခါခုနကဦးအောင်စိန် တင်ပြဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ မေးတဲ့မေးခွန်းအပေါ် လွှတ်တော် ဥက္ကဋ္ဌမှတ်ချက်ပြုဖြေကြားခဲ့တာရှိပါတယ်။ ဒီနေ့မေးခွန်းတွေမေးတယ်ဆိုတဲ့နေရာမှာ လွှတ်တော် ဥက္ကဋ္ဌကို ဦးတည်ပြီးမေးတာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒီမေးခွန်းကိုပြန်လည်ဖြေကြားတဲ့ သက်ဆိုင် သူများကလည်း လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ မေးနေတာ ဘယ်သူ့ကိုမေးနေတာလည်း ၊ မိမိတို့ဖြေနေတာ ဘယ်သူ့ကိုဖြေနေတာလဲဆိုတဲ့ ဒီရည်ရွယ် ချက်ကို သိရှိဆောင်ရွက်မယ်ဆိုရင် လွှတ်တော်အတွင်းမှာ စနစ်တကျနဲ့ သေသေသပ်သပ်ဖြစ်နိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ခုနကပြောသလို မိမိဆုံးဖြတ်ဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတာ လည်းအားလုံးသိရှိထားဖို့ လိုပါတယ်။ ကျွန်တော်ပြန်လည်တင်ပြပါမယ်။ မေးခွန်းများမေးမြန်းခြင်း

သည် လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် မေးခြင်းဖြစ်ပါတယ်။ ပြန်လည်ဖြေကြားခြင်းတွေကလည်း လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် ပြန်လည်ဖြေကြားရတာဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ဘဲနဲ့ တိုက်ရိုက်မေး၊ တိုက်ရိုက် ဖြေဆိုလို့ရှိရင် မလိုလားအပ်တဲ့ ပြဿနာများစွာ ရှိနိုင်တဲ့အတွက် ဒီစနစ်ကို မိမိတို့နိုင်ငံမှာ မကျင့်သုံးမီ တစ်ခြားနိုင်ငံများမှာ ကျင့်သုံးခဲ့တယ်ဆိုတာကိုလည်း ကျွန်တော်တို့အားလုံးနားလည် လက်ခံဆောင် ရွက်ဖို့လိုကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

**ကျခတ္တောကျေးရွာအုပ်စု သောက်သုံးရေရရှိရေးအတွက် ရေကန်နှင့်ရေပိုက်များ တည်ဆောက် သွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် တစ်လုံးတစ်ဝတည်းပြည့်စုံ၍ လိုရာဆန္ဒပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျေးလက်တောရွာရေရရှိရေး၊ သောက်သုံးရေရရှိရေးနှင့်အတူ ရရှိပြီးသားစိမ့်စမ်းရေတွေကို ထိန်းသိမ်းဖို့ဆိုတဲ့ အကြောင်းကို ကျွန်တော်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြထားတဲ့ကျခတ္တောကျေးရွာဆိုတာက ချင်းတွင်းမြစ်ဘေး မစိန်ကျေးရွာကနေ အတွင်းဘက်မှာ ကုန်းခေါင်ခေါင် ၃ မိုင်၊ ၄ မိုင် အရပ်မှာရှိတဲ့ရွာပါ။ ဒီရွာမှာ နားပလ္လင်၊ ကျခတ္တော၊ ရွှေဝါဂွမ်းဆိုတဲ့ ရွာ ၃ ရွာရှိပါတယ်။ အဲဒီ ၃ ရွာကို ဝိုက်ပြီးပဲ ချောင်းချောက်တစ်ခုက စီးဆင်းနေပါတယ်။ အဲဒါ တောင်နှစ်လုံးကြားအရှေ့ကတောင် အနောက်ကတောင်ကြားထဲက ကွင်းပြင်အလယ်မှာရှိတဲ့ ကျေးရွာအုပ်စုဖြစ်ပါတယ်။ အဲဒီတော့ ရေကတော့ မိုးကျမှပဲ ရေမြင်ရတာပါ။ အဲဒီမှာ ယခင် ဘိုးဘွားဘီဘင်က တူးဖော်ထားခဲ့တဲ့ ရေတွင်းတွေနဲ့ သုံးစွဲသော်လည်း ယနေ့လူဦးရေသိပ်သည်းလာတာ၊ တိုးတက်လာတာနှင့်ပတ်သက်လာလို့ အနေအထားအရ လိုအပ်နေတာဖြစ်ပါတယ်။ သို့သော်လည်း ယခင်အစိုးရအဆက်ဆက်နဲ့ စည်ပင်သာယာရေးကတူးတဲ့ ရေတွင်းတွေရှိပါတယ်။ မြေအောက်ရေရရှိရေးဆိုပြီး သို့သော်လည်း ဒီရေတွင်းတွေက ၇၀ ရာခိုင်နှုန်းလောက်က မအောင်မြင်ဘဲနဲ့ ၃၀ ရာခိုင်နှုန်းလောက်သာအောင်မြင်ပါတယ်။ ကျခတ္တောကျေးရွာရဲ့အရှေ့ဘက်မှာ ပေ ၄၀၀၀ လောက်ဝေးတဲ့နေရာမှာ တောင်တန်းကြီးရှိပါတယ်။ အဲဒီတောင်တန်းကြီးရဲ့ စိမ့်ရေစမ်းရေတွေကို ရာသီမရွေးထွက်တဲ့ အဲဒီရေကို ကျွန်တော်တို့က ကျေးရွာသောက်သုံးရေအတွက်ရရှိဖို့ ကျွန်တော်တို့ အခုတင်ပြမှာဖြစ်ပါတယ်။ ပေ ၄၀၀၀ လောက်ရှိ

တယ်။ နောက်ပြီး ဒီရတဲ့ရေဟာ စိုက်ပျိုးကွင်းတွေ၊ စိုက်ခင်းတွေအတွက်လည်း အသုံးချလို့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျခတ္တောကျေးရွာအုပ်စုအတွက် သောက်သုံးရေရရှိရေးကို ပိုက်လိုင်းများ၊ ရေကန်များလုပ်ပြီးတော့ ဝယ်ယူပေးဖို့တောင်းခံတင်ပြအပ်ပါတယ်။ ထို့အတူပဲ နိုင်ငံတော်အစိုးရရဲ့စေတနာ ပြည်သူတွေအတွက် ကျွန်တော်တို့ ရေဦး-ကလေးဝလမ်းမှာရှိတဲ့ သက္ကယ်ကျင်းကျေးရွာအုပ်စုက ကတိုးဆည်အိုင်ဆိုတဲ့ ရွာတစ်ရွာရှိပါတယ်။ အဲဒီရွာက သစ်တောထဲက စိမ့်စမ်းရေကန်တွေ နိုင်ငံတော်ရဲ့စေတနာအရ ရေတွေရောက်ရှိပြီးတော့ သောက်သုံးရေကိုသုံးစွဲနိုင်ခဲ့သော်လည်း ယနေ့ ဒီစိမ့်စမ်းတွေရဲ့အခြေခံဖြစ်တဲ့ ရေထိန်းသစ်တောတွေကို ခုတ်ထွင်နေတဲ့အကြောင်း ကြားသိရပါတယ်။ တကယ်လို့သာ ဒီရေထိန်းသစ်တောတွေကိုသာ ခုတ်ထွင်လိုက်မယ်ဆိုရင် နောက်အနာဂတ်အတွက် ဒီစိမ့်စမ်းရေက ပျောက်ကွယ်သွားနိုင်ဖွယ်ရာရှိတယ်ဆိုတာလည်း သံသယအနေနဲ့ စိတ်ဝမ်းမချမ်းမြေ့စရာ တင်ပြလာတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ စိမ့်စမ်းရေရရှိရေး၊ သောက်သုံးရေရရှိရေးနှင့်အတူ ရရှိထားသော စိမ့်စမ်းရေကို ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းဖို့ သစ်တောများကို ထိန်းသိမ်းဖို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းတွေနဲ့ပတ်သက်လို့ မေးခွန်း(၁) က ကျခတ္တောကျေးရွာအုပ်စု သောက်သုံးရေရရှိရေးနှင့်အတွက် ရေကန်နှင့်ရေပိုက်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၂) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ရရှိမည်ကိုသိလိုပါတယ်။ အဲဒီ ရရှိမယ့်အချိန်က ပြည်ထောင်စုအဆင့်က စီမံဆောင်ရွက်ပြီးချပေးမှာလား။ တိုင်းအဆင့်က စီမံဆောင်ရွက်ပြီးချပေးမှာလားဆိုတာ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီး-၁ မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းမေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်ပြီးတော့ စစ်ကိုင်း

တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကလေးဝမြို့နယ် ကျခတ္တော ကျေးရွာအုပ်စု ကျတ္တောရွာသည် အိမ်ခြေ ၆၈ အိမ်၊ လူဦးရေ ၃၁၄ ဦးရှိပြီး လက်ရှိရေသုံးစွဲမှုမှာ တွင်းတိမ်တစ်တွင်းနှင့် ရွာအနီးရှိ ချောင်းရေကိုသုံးစွဲလျက်ရှိကြောင်း၊ ယုရွာကောက ကျေးရွာမှာ အိမ်ခြေ ၃၀ ၊ လူဦးရေ ၁၆၂ ဦးရှိပြီး လက်တူးတွင်း ၄ တွင်းမှ ရေကိုသုံးစွဲလျက်ရှိကြောင်း၊ နားပလ္လင်ရွာတွင် အိမ်ခြေ ၁၀ လူဦးရေ ၄၉ ဦးရှိပြီး လက်တူးတွင်း ၁ တွင်းမှ သုံးစွဲလျက်ရှိကြောင်း၊ ကျခတ္တောကျေးရွာ၏ အရှေ့ဘက် ၄၂၄၀ ပေအကွာတွင် စိမ့်စမ်းရေထွက်ရှိပြီး အဆိုပါရေတွင်းမှ ၃ လက်မပိုက်၊ ၂ လက်မ ပိုက်၊ ၁ လက်မခွဲပိုက် PPC ပိုက်တို့ဖြင့် ရေသွယ်ယူပြီး ကျေးရွာအတွင်း ရေဂါလန် ၅၀၀၀ ဆံ့ ရေကန် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ၄၀.၂၀ သိန်းကုန်ကျမည်ဖြစ်ပါကြောင်းနှင့် ကလေးဝ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးလျှာထားချက် တွင် ရန်ပုံငွေကျပ် ၃၂.၇၀ သိန်းသာရှိပြီး အဆိုပါလုပ်ငန်းဆောင်ရွက်ရန်မပါရှိပါသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ရန်ပုံငွေတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ပြည်သူ့လွှတ်တော်မှ အတည်ပြု ချမှတ်ပေးထားသည့် သန်း ၁၀၀၀ အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ချထားပေးငွေများကို မည်သည့်မြို့နယ်များသို့ခွဲဝေပြီး မည်သည့်လုပ်ငန်းများတွင် သုံးစွဲခဲ့သည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးသိမ်း ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းဖြစ်ပါတယ်။ ခုနကလည်း မေးခွန်းတစ်ခု မေးပြီးပါပြီ။ အခု မေးမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အတည်ပြုပေးလိုက်တဲ့ တိုင်းဒေသကြီး ဥက္ကဋ္ဌတွေ တိုင်းဒေသကြီးမှအသုံးချမယ့် သန်း ၁၀၀၀ ဆိုတဲ့ငွေပေါ်မှာ ကျွန်တော်တို့မြို့နယ်တွေမှာ မြို့နယ်အတွင်းထဲမှာ လုပ်ဆောင်နေကြတဲ့ကိစ္စ ပွင့်လင်းမြင်သာမှုရှိဖို့ ကျွန်တော်တို့ သိလိုတဲ့အတွက် မေးခွန်းမေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စတွေဟာ ဘာကြောင့်မို့ ဒီလိုမေးရပါသလဲ လို့ပြောရင် အခု ကျွန်တော်တို့ ကလေးဝမြို့နယ်မှာ မထူးထွေးကျေးရွာဆိုတာ ရှိပါ တယ်။ ကျေးရွာဟာ ကျောင်းဆောက်လုပ်ဖို့ ငွေတွေလည်းကျပြီးသားဖြစ်ပါတယ်။ ကျပြီးတော့ ဆောက်လို့လည်းပြီးပါပြီ။

အဲဒီငွေကို ထပ်ကျလာတယ်။ ထပ်ကျလို့ ပညာရေးမှူးက ကျွန်တော်ဆီ လာပြေးပြီးတိုင်ပင်ပြီးတော့ ဘယ်ကျောင်းကိုလွှဲရပါ့မလဲဆိုတဲ့ ကိစ္စမျိုးကြုံခဲ့လို့ ပြောရခြင်းဖြစ်ပါ တယ်။ ထို့အတူ ကလေးဝမြို့မှာ အမှတ်(၁)၊ (၂)၊ (၃) ဆိုပြီးရှိပါတယ်။ အဲဒီမှာ မူလတန်းကျောင်းဆိုပြီး (၁)၊(၂)၊(၃)၊ (၄) ဆိုပြီး အမှတ်(၄) ထိရှိပါတယ်။ (၁)ရယ်၊ (၃) ရယ်ကတော့ မူလွှန်ရပြီးသားဖြစ်ပါ တယ်။ (၁) ရယ်၊ (၃) ရယ်ဆိုတဲ့ နေရာမှာ အမှတ်(၄)ဆိုတဲ့ မူလတန်းကျောင်းကတော့ မရသေးပါဘူး။ သို့သော်လည်း အမှတ်(၂) မူလတန်းကျောင်းဆို အမှတ်(၂) ရပ်ကွက်မှာရှိတဲ့ မူလတန်းကျောင်းက အထကနဲ့ဆိုရင် တကယ်တမ်း State Wide သာဆွဲမယ်ဆိုရင် ပေ ၁၀၀ ကျော်ကျော် ပေ ၃၀၀ လောက်ပဲရှိပါတယ်။ အဲဒီလောက် ဝေးနေတဲ့နေရာကို မူလွှန်ကျောင်းချပေးလာတာဖြစ်၍ အဲဒီတော့ အောင်စာရင်းက ကျွန်တော်တို့ဒီနှစ် ၆၄ ယောက်အောင်ပါတယ်။ စတုတ္ထတန်းအောင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးက ဒီကိစ္စတွေက ဘယ်လိုလဲဆိုတော့ ခင်ဗျားတို့ တင်ပြတာလား။ မတင်ပြပါဘူး။ ဘယ်ကမှမတင်ပြဘူး။ ကျွန်တော်တို့လည်း မသိပါဘူး။ ကျောင်းဒီမူလွှန်ကျသွားတဲ့ဟာကို မသုံးစွဲရင်လည်း တစ်မျိုးဖြစ်ပါလိမ့်မယ်ဆိုတော့ ကျွန်တော် ကျောင်းသားမိဘတွေနဲ့ တွေ့ပါမယ်ဆိုတော့ ၆၄ ဦးမှာ ၃၇ ဦးရရှိပါတယ်။ သို့သော်လည်း ကျွန်တော့် တို့အနေနဲ့ ဒီအ.ထ.ကနှင့်နီးနေတဲ့ကျောင်းကို မူလွှန်ကို ကျွန်တော်တို့ တောင်းဆိုမှုမရှိပါဘူး။ ဘာကြောင့်မို့လဲဆိုတော့ အမှတ်(၂) အ.ထ.က ဆိုရင် ဘုန်းကြီးကျောင်းတွေ၊ သာသနာ့မြေတွေကို တောင်းပြီး အလှူခံပြီးကျောင်းဖွင့်ခဲ့ရတဲ့ ဒေသပါ။ နောက်ထပ်သာ ၅ တန်း၊ ၆ တန်း၊ ၇ တန်းသာ ကျောင်းသားတွေတိုးတက်လာရင် ကျွန်တော်တို့ကျောင်းဆောင်ဆောက်ဖို့ မြေနေရာအခက်အခဲရှိပါတယ်။ ထို့အတူ အ.ထ.ကနှင့်လည်း နီးနေပါတယ်။ အခု ကျွန်တော်အနေနဲ့ စောစောက မေးခွန်းတစ်ခုမှာ တင်ပြခဲ့ပါတယ်။ ကလေးဝမြို့ပေါ်မှာ အ.လ.က တစ်ကျောင်းပေးဖို့ တင်ပြခဲ့ပါတယ်။ တင်ပြခဲ့တော့ အခု ကျောင်းဝန်းအနေအထားနဲ့ရော၊ ကျောင်းသားအနေအထားနဲ့ရော အမှတ်(၁) ရပ်ကွက်က ကျောင်းဟာ အမှန်တကယ်သင့်တော်တဲ့ကျောင်းဖြစ်ပါတယ်။ အဲ့ဒါနဲ့ အခုကျွန်တော်တို့ အမှတ်(၂) ကျောင်းကို မူလွှန်ပေးခြင်းဟာ ကျွန်တော်နှင့်ပညာရေးမှူးနှင့်တိုင်ပင်ပြီး ချင်းတွင်းမြစ် အထက်ရိုးမှာရှိတဲ့ မစိန်နှင့်လည်းမနီးတဲ့ ကျွန်တော်တို့ နန်းစလိန်ရွာကို ထပ်ပြီးတင်ပြတောင်းခံပေးပါလို့ ကျွန်တော်တို့တင်ပြခဲ့ပါတယ်။ အဲဒီတော့ အခုလို ကျွန်တော်တို့က ဤဒေသ တိုင်းဒေသအဆင့်အနေနဲ့ ကျွန်တော်တို့နဲ့က နည်းနည်းလေး အလှမ်းကွာနေတာဖြစ်ပါတယ်။ အဲဒီလိုဖြစ်သလိုပဲ အခု ကျွန်တော်မေးမယ့် မေးခွန်းကလည်း ကျွန်တော်တို့ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ တမူးမြို့နယ်၊ ကလေးမြို့နယ်တို့မှာ ကျွန်တော်တို့ရရှိတဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေတွေကို ၂၀၁၂-၂၀၁၃ က ဘယ်လိုသုံးစွဲရမှာလဲခင်ဗျား။ နောက်တစ်ခါ ၂၀၁၃-၂၀၁၄ မှာလည်း ဘယ်လို

သုံးစွဲပြီး မြို့နယ်အလိုက် ဘယ်လိုသုံးစွဲပါမလဲဆိုတာ ကျွန်တော်တို့သိခွင့်ရရင် သိချင်လို့ လွှတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမွတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းမေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေသည် မြို့နယ်များကိုအခြေခံစဉ်းစားခြင်းမဟုတ်ဘဲ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆပ်ကော်မတီ ၈ ရပ်ကို အခြေခံစဉ်းစား ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးနှင့်ပတ်သက်၍ ကဏ္ဍများကို မြို့နယ်အလိုက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အောက်ပါအတိုင်း လျာထားသုံးစွဲခဲ့ပါတယ်။

လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၃၆၉.၀၁၀၈ သန်း၊ မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၉၉.၈၅ သန်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၇၈.၀၀ သန်း၊ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၆၃.၇၁ သန်း၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၂၀၆.၇၄ သန်း၊ လျှပ်စစ်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၁၅၀.၅၂ သန်း၊ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၃၂.၁၆ သန်း၊ စုစုပေါင်း သန်း ၁၀၀၀ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူးမြို့နယ်များတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကဏ္ဍအလိုက်အောက်ပါအတိုင်းလျာထားသုံးစွဲခဲ့ပါတယ်-

(က) ကလေးမြို့နယ်

| | | |
|---|---|---|
| (၁) | လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ | ၄.၂၀ သန်း |
| (၂) | မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ | ၁၀.၀၀ သန်း |
| (၃) | အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ | ၃.၀၀ သန်း |
| (၄) | သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ | ၄.၀၀ သန်း |
| (၅) | ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ | ၅.၄၄ သန်း |

စုစုပေါင်း ၂၆.၆၄သန်း
ဖြစ်ပါတယ်။

(ခ) ကလေးဝမြို့နယ်

(၁) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၁.၀၅ သန်း

(၂) မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၀.၅၄ သန်း

(၃) ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၃.၅၃ သန်း

စုစုပေါင်း ၅.၁၂ သန်းဖြစ်ပါတယ်။

(ဂ) မင်းကင်းမြို့နယ်

(၁) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၂၁.၁၅ သန်း

(၂) မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၂.၇၀ သန်း

(၃) ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၃.၀၂ သန်း

စုစုပေါင်း ၂၆.၈၇သန်း
ဖြစ်ပါတယ်။

(ဃ) တမူးမြို့နယ်

(၁) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၄.၅၈၅၆ သန်း

(၂) မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၁၀.၃၅ သန်း

(၃) အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၃.၀၀ သန်း

(၄) သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၂.၇၆၄ သန်း

(၅) ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၆.၄၁ သန်း

(၆) လျှပ်စစ်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၄.၂၁ သန်း

စုစုပေါင်း ၃၁.၃၁သန်း
ဖြစ်ပါတယ်။

ဂ၎င်းအပြင် ဇေယျာပဒေသာဖောင်ဒေးရှင်းမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကလေး၊ မင်းကင်း၊ တမူးမြို့နယ်များသို့ ကဏ္ဍအလိုက် ထုတ်ချေးထားရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရေးချေးငွေ ၁၇.၃၈ သန်း၊ တမူးမြို့နယ် ခမ်းပါတ်မြို့နယ်ခွဲ ကမ္ဘကြီးရွာမီးလင်းရေး ၅ သန်း၊ ခမ်းပါတ်မြို့နယ်ခွဲ အမှတ်(၃) ရပ်ကွက်မီးလင်းရေးက ၁၀ သန်း၊ ခမ်းပါတ်မြို့နယ်ခွဲ အမှတ်(၂) ရပ်ကွက် မီးလင်းရေး ၁၀ သန်း၊

ကွမ်းတောင်းရွာမီးလင်းရေး ၆ သန်း၊ စုစုပေါင်း ၃၁ သန်းဖြစ်ပါတယ်။ မင်းကင်းမြို့နယ် စိုက်ပျိုးစရိတ်ချေးငွေ ၁၀ သန်း၊ အချိန်ပိုမီးလင်းရေး ၉ သန်း၊ စုစုပေါင်း ၁၉ သန်း ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အောက်ပါရန်ပုံငွေများဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါတယ်-

(က) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆင်းရဲမှုလျှော့ချရေးအတွက် မတည်ချေးငွေများကို ၂၀၁၃-၂၀၁၄ ခုနှစ် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများတွင် ပြန်လည်မတည်ထုတ်ချေးမည့်ငွေ — ၃၉၀.၈၀၉၈ သန်း

(ခ) ပြည်တွင်းအခွန်များဦးစီးဌာန၏ မြို့နယ် ၁၇ မြို့နယ်တွင် လိုင်စင် မဲ့မော်တော်ဆိုင်ကယ်များမှ ကုန်သွယ်လုပ်ငန်းခွန်၏ ၂၅ ရာခိုင်နှုန်း ခွဲဝေပေးငွေ — ၆၆၂.၀၆၈ သန်း

(ဂ) အကောက်ခွန်ဦးစီးဌာနမှ တရားမဝင်မော်တော်ဆိုင်ကယ်များ၏ အခွန်ကောက်ခံရရှိငွေ ၂၅ ရာခိုင်နှုန်းခွဲဝေပေးငွေ — ၆၃၀.၅၄၁ သန်း

(ဃ) ၂၀၁၃-၂၀၁၄ ခုနှစ် ပြည်ထောင်စုရန်ပုံငွေမှ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက်စုစုပေါင်း ၂၆၈၃.၄၁၈၈ သန်း — ၁၀၀၀.၀၀ သန်း ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆပ်ကော်မတီ ၈ ရပ်အပြင် မြို့နယ်များ၏ တင်ပြချက်များအပေါ် မူတည်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များစုံအောင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ခွဲဝေသတ်မှတ်ပေးမည်ဖြစ်ပါတယ်။ မြို့နယ်များအလိုက် ဆောင်ရွက်လိုသည့်နေရာ၊ ကဏ္ဍများကို စနစ်တကျ ရွေးချယ်တင်ပြစေပြီး တိုင်းဒေသကြီးအဆင့် ဆပ်ကော်မတီ ၈ ခုမှ အသေးစိတ်စိစစ်ပြီးမှသာ လုပ်ငန်းများကို ပိုမိုထိရောက်စေရန် ဆောင်ရွက်စေခြင်းဖြစ်ပါတယ်။ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီးထုတ်ချေးခြင်းအပြင် ပြန်လည်ပေးဆပ်ရန်မလိုသော ကျေးလက်လူမှုစီးပွားရေးလုပ်ငန်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ ဇေယျာပဒေသာဖောင်ဒေးရှင်းမှလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မြို့နယ်များသို့ ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးသိမ်းရဲ့ဆွေးနွေးချက်မှာ မလိုတဲ့နေရာတွေကို ငွေကြေးတွေချပြီး သုံးစွဲနေ တယ်။ လိုတဲ့နေရာတွေကို သုံးစွဲဖို့လိုအပ်တယ်ဆိုတဲ့ဆွေးနွေးချက်ပါပါတယ်။ ဒီခေတ်

ဒီစနစ်ကလည်း ဒီနေ့ ပြောနေကြစကားအတိုင်းပြောမယ်ဆိုရင် ပြည်သူ့အခြေပြုဆောင်ရွက်မယ့်ကိစ္စဖြစ်ပါတယ်။ အဲ့ဒီ အတိုင်းပဲ Bottom up ဆောင်ရွက်မယ့်ကိစ္စဖြစ်တဲ့နေရာမှာ ဒီလိုလက်တွေ့မှာမဖြစ်သေးဘူးဆိုတဲ့ သဘောသက်ရောက်တဲ့အတွက် ဒီလိုဆောင်ရွက်နိုင်အောင်လည်း လွှတ်တော်ကိုယ်စားလှယ်များ ဘက်ကရော သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့လိုမယ်လို့ပြောလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့လွှတ်တော်မှာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ပြည်ထောင်စုလွှတ်တော် က ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် လျာထားသတ်မှတ်ပေးခဲ့တာရှိပါတယ်။ တစ်နိုင်ငံလုံး မှာ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အတွက် ဒီမြို့နယ် ၃၃၀ ကိုခြုံပြီးတော့ ၃၃ ဘီလီယံကျပ်လျာထားပါတယ်။ ဒီငွေတွေကတော့ ပြည်ထောင်စုအစိုးရက သို့မဟုတ်ရင် တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်မယ့် စီမံကိန်းတွေ၊ လုပ်ငန်းတွေထဲမှာမပါတဲ့ ပြည်သူလူထုရဲ့အမှန်တကယ်လိုအပ်ချက်များဖြစ်တဲ့ လူမှုရေး၊ စီးပွားရေးလိုအပ်ချက်တွေကို တိုက်ရိုက်အကျိုးပြုနိုင်ဖို့စီစဉ်ဆောင်ရွက်ထားခြင်းပဲဖြစ်ပါတယ်။ ဒီငွေ သုံးစွဲဖို့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၂ ဦး၊ စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၄ ဦးနှင့် သက်ဆိုင်ရာဒေသမှာရှိကြတဲ့ ပြည်သူများရဲ့သဘောဆန္ဒ၊ အခြားအဖွဲ့အစည်းများနဲ့ညှိနှိုင်းပြီး ဘယ်နေရာမှာ ဘယ်လုပ်ငန်းအတွက် ဘယ်လောက်သုံးမယ်ဆိုတာကို ဆုံးဖြတ်ဆောင်ရွက်ရမှာဖြစ်ပါ တယ်။ အဲ့လိုဆောင်ရွက်တဲ့အခါမှာ စနစ်တကျ မှန်မှန်ကန်ကန် အလွဲသုံးစားမဖြစ်နိုင်ရေးအတွက် လိုအပ်တဲ့အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ တချို့ တချို့သော လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းလာတာရှိပါတယ်။ ဒီနေ့ အချိန်ကာလအားဖြင့် ဘတ်ဂျက်ကာလရဲ့ထက်ဝက်ကျိုးလာပြီ။ သို့ရာတွင် ဒီငွေတွေသုံးစွဲလို့မရသေးဘူးဆိုတဲ့ မေးခွန်းတွေ မေးလာလို့ ဆွေးနွေးတာလည်းရှိပါတယ်။ ဒီငွေတွေကို ခုနကပြောတဲ့နည်းလမ်းအတိုင်း သုံးစွဲရမယ်။ သုံးစွဲတဲ့နေရာမှာလည်း စနစ်တကျရှိစေဖို့၊ မလိုအပ်တဲ့ပြဿနာများမရှိစေဖို့အတွက် အမိန့် ကြော်ငြာစာများထုတ်ပြန်ဆောင်ရွက်မှာဖြစ်တဲ့အတွက် အချိန်ခဏစောင့်ဆိုင်းဖို့လိုအပ်ကြောင်းလည်း လွှတ်တော်ကတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များကို အားလုံးသိရှိအောင်တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်းကို ဒီမှာရပ်နားပါ့မယ်။ ဒါ့ကြောင့် နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၄၅ မိနစ်ခန့်ရပ်နားပါ့မယ်။ ဖြေဆိုပြီးတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

[အစည်းအဝေးကို ၁နာရီခန့် ရပ်နားပါသည်။]

**အချိန်။ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်။ ၁၂း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မြန်မာ့တပ်မတော်တွင် အင်အားတောင့်တင်းသောကာကွယ်ရေးစွမ်းအားမြင့်မားစေရေးနှင့် ၁၈ နှစ် အထက် တပ်သားသစ်များစုဆောင်းရရှိနိုင်ရေးအတွက် မည်သို့ဆောင်ရွက်နေသည်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ နာဂဒေသ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ ကျွန်တော်တို့နိုင်ငံရောက်ရှိနေတဲ့ စည်းလုံးညီညွတ်မှုအကောင်းဆုံးအချိန်၊ နိုင်ငံရေးအင်အားအကောင်းအဆုံးအချိန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးအကောင်းဆုံးအချိန်ရောက်ရှိနေ တဲ့အခါမှာ နိုင်ငံတော်ကာကွယ်ရေးရဲ့ ပြည်ထောင်စုတပ်မတော်ကြီး အင်အားတောင့်တင်းတဲ့ ပြည်ထောင်စုတပ်မတော်ကြီး ဖြစ်စေချင်တဲ့ဆန္ဒနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့အင်အား ၃ ရပ်ဖြစ်တဲ့ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားဟာ တောင့်တင်းရန်အင်မတန်အရေးကြီးပါတယ်။ ထိုအင်္ဂါရပ် ၃ ခုအနက် ကာကွယ်ရေးအင်အားတောင့်တင်းမှသာလျှင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ဟာ အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုတပ်မတော်ရဲ့ကာကွယ် ရေးအင်အားတောင့်တင်းမှသာလျှင် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝမှသာလျှင် တိုင်းရင်းသားအားလုံး ယုံကြည်အားကိုးထိုက်သော တပ်မတော်ဖြစ်လာမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ၂၈-၂-၂၀၁၃

ရက်နေ့မှာ ပြည်သူ့ခေတ်ဂျာနယ်အတွဲ ၃၊ အမှတ် (၁၃၅) စာမျက်နှာ ၉ မှာ မြန်မာ့တပ်မတော်မှ ကလေးစစ်သား ၂၄ ဦးကိုနုတ်ထွက်ခွင့်ပြုခြင်းအားဖြင့် ကုလသမဂ္ဂကြိုဆို ဆိုတဲ့ဟာလေးကို ခေတ်ပုံမှတ်တမ်းနဲ့ဖတ်လိုက်ရတဲ့အခါမှာ နိုင်ငံသားတစ်ဦးအနေနဲ့ စိတ်မကောင်းဖြစ်မိပါတယ်။ မြန်မာ့တပ်မတော်မှာ ကလေးစစ်သားစုဆောင်းမိလို့ပြန်လွှတ်ရခြင်းဟာ လူကြီးစစ်သားမရနိုင်လို့လို့ သုံးသပ်မိတဲ့အတွက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများရဲ့မူလအခွင့်အရေးနှင့် တာဝန်များအခန်း ပုဒ်မ ၃၈၅ မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာနယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်းသည်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟု အတိအလင်း ဖော်ပြထားပြီးသားဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံသားများအနေနဲ့ မိမိရပိုင်ခွင့်များဖြစ်သော လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဆန္ဒပြခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးရရှိရေးအတွက်ကိုသာ လူတိုင်း ကျွန်တော်အပါအဝင်တောင်းဆို နေကြသည်ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံသားများ ယနေ့တပ်မတော်မှာစစ်မှုထမ်းလိုစိတ်နည်းပါးရခြင်းကို နိုင်ငံသားအားလုံးနှင့် ယနေ့တာဝန်ရှိတဲ့ကာကွယ်ရေးဝန်ကြီးဌာနမှ သုံးသပ်ရန်လိုအပ်နေပြီလို့ ကျွန်တော်အကြံပြုတင်ပြလိုပါတယ်။ အတိတ်မြန်မာ့တပ်မတော်သမိုင်းမှာ တိုင်းရင်းသားပေါင်းစုံပါဝင်ခဲ့မှုနှင့် ထိပ်ပိုင်းတပ်မတော်မှာ တိုင်းရင်းသားခေါင်းဆောင်များ ဗိုလ်ချုပ် စမစ်ဒွန်းတို့လိုဟာမျိုး၊ ဗိုလ်ချုပ် တောင်ဇာခိုင် တို့လိုဟာမျိုး၊ ဗိုလ်ချုပ် အယ်လ်ခွန်ဖန် တို့လိုဟာမျိုး၊ အောင်ဆန်းသူရိယဘွဲ့ရ ဗိုလ် တိုက်ချွန်း တို့လိုဟာမျိုး ပါဝင်ခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံး မြန်မာ့တပ်မတော်မှာပါဝင်စေပြီး ပြည်ထောင်စုကြီးရဲ့ တပ်မတော်ဖြစ်စေချင်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးရဲ့စိတ်ထဲမှာ ဖြစ်နေတဲ့ ဗမာတွေစုစည်းထားသော တပ်မတော်ဆိုတဲ့ အတွေးအခေါ်မျိုး၊ ဘာသာရေးခွဲခြားမှု၊ နေရာမပေးလိုမှု၊ မိမိပြည်နယ်နှင့် မိမိလူမျိုးစု တပ်မတော်ရဲ့အရေးကိုသာ သီးခြားစိတ်ဝင်စားနေခြင်းသည် တပ်မတော်သားတစ်ဦးရဲ့ အခွင့်အရေးနည်းပါးနေမှုတို့ကြောင့် ပြန်လည်သုံးသပ်ပြီးတော့မှ တရုတ်တပ်မတော်စုစည်းမှုအခြေအနေ၊ ယနေ့ အစ္စရေးနိုင်ငံသားတို့ရဲ့ နိုင်ငံတော်ကာကွယ်လိုစိတ်၊ တောင်ကိုရီးယားနိုင်ငံတို့ရဲ့ နိုင်ငံသားစိတ်ဓာတ်များမွေးမြူကြဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့မြင်မိပါတယ်။ သို့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်-

(က) မြန်မာ့တပ်မတော်တွင် တိုင်းရင်းသားပေါင်းစုံပါဝင်စေပြီး အင်အားတောင့်တင်းသော ကာကွယ်ရေးစွမ်းအားမြင့်မားစေရန် မည်သို့ဆောင်ရွက်နေသနည်း။

(ခ) တပ်သားသစ် ၁၈ နှစ်အထက် စုဆောင်းရရှိနိုင်ရေးအတွက် မည်သို့စည်းရုံးဆောင်ရွက်နေသည်ကိုသိရှိလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ် ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးရဲ့အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းကို ပြည်သူ့လွှတ်တော်မှပေးပို့လာပါတယ်-

(က) မြန်မာ့တပ်မတော်တွင် တိုင်းရင်းသားပေါင်းစုံပါဝင်စေပြီး အင်အားတောင့်တင်းသော ကာကွယ်ရေးအင်အား မြင့်မားစေရေးအတွက် မည်သို့ဆောင်ရွက်နေခြင်းတစ်ချက်ပါပါတယ်။

(ခ) နောက် တပ်သားသစ်များ ၁၈ နှစ်အထက် စုဆောင်းရရှိနိုင်ရေးအတွက် မည်သို့စည်းရုံးဆောင်ရွက်နေခြင်းတို့နှင့်စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ဖြေကြားသွားရမယ်ဆိုရင် တပ်မတော်ကိုစတင်ဖွဲ့စည်းစဉ်ကပင် မိမိဆန္ဒသဘောအလျောက်ဆန္ဒပြုသူများကို စိစစ်လက်ခံပြီး တပ်မတော်သားအဖြစ် လေ့ကျင့်ဖွဲ့စည်းမှုများကိုပြုလုပ်ခဲ့ပါတယ်။ ခေတ်အဆက်ဆက်တွင် တပ်မတော်အတွက် တပ်သားသစ်များ စုဆောင်းရရှိရေးအတွက် အမျိုးသားစစ်မှုထမ်းဥပဒေထုတ်ပြန်ကျင့်သုံး၍ စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးခဲ့ခြင်းမရှိကြောင်း အသိပေးတင်ပြလိုပါတယ်။ ယနေ့အချိန်တွင်လည်း တပ်မတော်အတွက် တပ်သားသစ်စုဆောင်းရေးအတွက် မိမိဆန္ဒသဘောအလျောက်ဆန္ဒပြုသူများကိုသာ စိစစ်လက်ခံပြီး စစ်မှုထမ်းအဖြစ်လက်ခံစာရင်းပေးသွင်းလျက်ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ရှိစွာရပ်တည်

နိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရန်တာဝန်နှင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်ကကူညီ ဆောင်ရွက်ရမည်ဆိုတဲ့တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ က တပ်မတော်ကိုတာဝန်အပ်နှင်းထားပါတယ်။ ယင်းသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကအပ်နှင်းထားသော မွန်မြတ်ကြီးလေးသည့်တာဝန်များကိုလည်း တပ်မတော်ကလည်း ဦးလည်မသုန်ထမ်းဆောင်လျက် ရှိကြောင်းတင်ပြလိုပါတယ်။ တစ်ချိန်တည်းမှာပဲ တာဝန်များအောင်မြင်ချောမွေ့စွာထမ်းဆောင်နိုင်ရေး အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်စေရန် အတွက် နိုင်ငံတကာအခြေအနေ၊ ပတ်ဝန်းကျင်ဒေသအခြေအနေ၊ နိုင်ငံတော်၏စီးပွားရေးအခြေအနေ များပေါ်တွင်အခြေခံပြီးမှ ပြင်ဆင်တည်ဆောက်မှုများကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ရပ်တည်နိုင်ရေး အတွက် ပစ္စည်းအရင်းအမြစ်၊ လူသားအရင်းအမြစ်ဆိုပြီးတော့ အပိုင်း ၂ ပိုင်း ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှုရှိပါတယ်။ ပစ္စည်းအရင်းအမြစ်ပိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများက စိစစ်မှုပြုလုပ်ပြီး လွှတ်တော်ကအတည်ပြုပေးသည့် ဘဏ္ဍာရေးခွင့်ပြုချက်အတွင်းမှ နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအား သင့်တင့်လုံလောက်သောစွမ်းအားရှိစေရန် အကောင်းဆုံးစီမံဆောင်ရွက် လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

လူသားအရင်းအမြစ်ပိုင်းမှာလည်း အရည်အချင်းပြည့်မီပြီး မိမိဆန္ဒအလျောက်ဝင်ရောက် လာသူများကို လုပ်ငန်းပညာပိုင်းဖြစ်သော စစ်မှုအတတ်ပညာများကျွမ်းကျင်မှုရှိစေရန်နှင့် တိုင်းချစ် ပြည်ချစ်စိတ်ရှိစေရေးတို့အတွက် ပြုစုပျိုးထောင်လေ့ကျင့်မှုများကို စဥ်ဆက်မပြတ်ပြုလုပ်လျက်ရှိပါ ကြောင်းအသိပေးတင်ပြလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်အတွက် မရှိမဖြစ်သောတပ်သားသစ်များကို စုဆောင်းလက်ခံရေးနှင့်ပတ်သက်ပြီး အခြေခံ လိုအပ်ချက်များကို အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ပြီး တပ်သားသစ်စုဆောင်းရေးအတွက် လုပ်ဆောင်လျက်ရှိပါတယ်။ တပ်သားသစ်တစ်ယောက်အဖြစ် တပ်မတော်သို့ဝင်ရောက်ရန် မိမိဆန္ဒ သဘောအလျောက်ဆန္ဒပြုလာပါက တပ်မတော်သား တပ်သားစုဆောင်းရေးတပ်ဖွဲ့များအနေဖြင့် အောက်ပါအချက်များနဲ့ပြည့်စုံမှသာလျှင် တပ်မတော်သို့ဝင်ရောက်ခွင့်ပြုခဲ့ပါတယ်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသား/သူဖြစ်ရမည်။

(၂) အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၅ နှစ်ထက်မကျော်လွန်စေရ။

(၃) စစ်မှုထမ်းအတွက်သတ်မှတ်ထားသည့် ကျန်းမာရေးအဆင့်အတန်းရှိရမည်။

(၄) တပ်ဖွဲ့အလိုက်သတ်မှတ်ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနဲ့ပြည့်စုံရမည်။

သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ကျန်းမာရေးအဆင့်အတန်းကိုခွဲခြားရမည်ဆိုလျှင် အသက်အရွယ်အလိုက် ကိုယ်ခန္ဓာဖွံ့ဖြိုးကြီးထွားမှုရှိခြင်း၊ မည်သည့်အရပ်ဒေသ၊ ရာသီဥတုမဆိုစစ်မှုထမ်းဆောင်နိုင်သည့် သန်စွမ်းမှုရှိခြင်း၊ စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းကိုအောင်မြင်ရမှာဖြစ်ပါတယ်။ အထက်ပါစိစစ်ဆောင်ရွက်ရန်အချက်များအပြင် တပ်သားစုဆောင်းရေးတပ်များမှာ ခေတ္တလက်ခံထားတဲ့အချိန်မှာဆိုရင် ပဏာမစိစစ်မှုများကိုလည်း ဆောက်ရွက်လျက်ရှိပါတယ်။ အဲ့ဒါကတော့ စကားထစ်ခြင်း၊ ဆွံ့ခြင်းအခြင်းရှိ/မရှိ၊ နားထိုင်းခြင်း၊ မျက်စိမှုန်ခြင်း၊ တိမ်ကွယ်ခြင်း၊ ကိုယ်ခန္ဓာပုံပျက်ခြင်း၊ ခြေဖဝါးပြားလွန်းခြင်း၊ အရေပြားမသန့်ရှင်းခြင်း၊ အကြိတ်များကြီးထွားခြင်း၊ လိပ်ခေါင်းရောဂါစွဲကပ်ခြင်း၊ သွားများချို့ယွင်းခြင်း၊ အာရုံကြောများအားနည်း၍ တုန်တုန်ယင်ယင်ဖြစ်ခြင်း၊ ကပ္ပာယ်အိတ်ကြီးထွားခြင်း၊ ခြေသလုံးတကောက်ကွေးတွင် သွေးကြောများဖောင်းကြွတွန့်လိမ်ခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများမပြည့်စုံခြင်း၊ မကောင်းခြင်း၊ ခြေဆစ်လက်ဆစ်ပျက်ခြင်း၊ ခြေဖဝါးလက်ဖဝါးများရှည်ခြင်း၊ ကြီးမားသော အမာရွတ်ရှိခြင်းတို့ပဲဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည့်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ထိန်းသိမ်းတည်ဆောက်နိုင်ရေးအတွက်ကတော့ လူသားအရင်းအမြစ်များ ကနဦးစုဆောင်းရာမှာ အထက်ပါအတိုင်းစနစ်တကျလုပ်ဆောင်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ သို့သော်လည်း စီးပွားရေး၊ မိသားစုအရေးတို့အပြင် လူတစ်ဦးချင်းစီရဲ့စိတ်ဆန္ဒလွန်ကဲမှုစတဲ့အခြေအနေများကြောင့် သတ်မှတ်အသက်အရွယ်မပြည့်မီသူအနည်းငယ်ကတော့ လူပိုင်းအားနည်းမှု၊ စာရွက်စာတမ်းအထောက်အထားပိုင်း မမှန်ကန်မှုတို့ကြောင့် တပ်မတော်အတွင်းကိုရောက်ရှိနေခဲ့ကြတာဖြစ်ပါတယ်။ ယင်းကိစ္စကိုဖြေရှင်းရန်အတွက် အသိပညာပေးခြင်း၊ စိစစ်၍ မူလအသိုင်းအဝိုင်းသို့ပြန်လည်ပေါင်းစည်းပေးရန် လုပ်ဆောင်ပေးခြင်း၊ လူပိုင်းအားနည်းမှုကြောင့် ထပ်မံမဖြစ်ပေါ်စေရေးအတွက် ထိရောက်ဟန့်တားတဲ့သော အရေးယူမှုများကိုပြုလုပ်ပေးခြင်းစသည်ဖြင့် အသက်အရွယ်မပြည့်မီသူများ စစ်မှုထမ်းပပျောက်ရေးလုပ်ငန်းစဉ်ကို UNICEF, ILO အခြားကုလသမဂ္ဂ Agency များနဲ့လက်တွဲဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်

ပါတယ်။ ဒီလိုလုပ်ဆောင်မှုကြောင့် အရွယ်မရောက်သေးမီတပ်မတော်သို့ဝင်ရောက်ခဲ့သူစုစုပေါင်း ၁၀၈ ဦးကို တပ်မတော်မှနုတ်ထွက်ခွင့်ပေးပြီး မူလအသိုင်းအဝိုင်းသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပါတယ်။

အထက်တွင်ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း တပ်မတော်သို့သတ်မှတ်ချက်နဲ့ကိုက်ညီသူတိုင်း မိမိဆန္ဒသဘောထားနဲ့ဝင်ရောက်နိုင်ပြီး တိုင်းရင်းသားအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၉ ပါအတိုင်း တူညီသောအခွင့်အရေးရှိကြောင်းတင်ပြလိုပါတယ်။ တပ်မတော်သို့ဝင်ရောက်မှုနည်းပါး ခြင်းကတော့ နိုင်ငံတိုင်းမှာ စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာသည်နဲ့အမျှ ကြုံတွေ့ရတဲ့ ကိစ္စရပ်တစ်ရပ်ပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှာ နိုင်ငံသားစစ်မှုထမ်းဥပဒေပြဋ္ဌာန်း၍ သတ်မှတ် သောကာလအတွင်း စစ်မှုထမ်းစေသော စနစ်များကျင့်သုံးလျက်ရှိပါတယ်။ တပ်မတော်အတွင်း၌ အဆင့်တိုးမြှင့်ပေးရေးကိစ္စနှင့်ပတ်သက်၍ တိကျသောအဆင့်တိုးမြှင့်ပေးရေးစည်းကမ်းများ ထုတ်ပြန် ထားရှိပြီး ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ စစ်မှုထမ်းသက်၊ လုပ်ရည်လုပ်ကိုင်မှတ်တမ်း၊ အကျင့်စာရိတ္တစသည်တို့အပေါ် မူတည်ပြီး အဆင့်တိုးမြှင့်ပေးလျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အရပြဋ္ဌာန်းထားသော နိုင်ငံသားများရပိုင်ခွင့်များနှင့်အညီ လူမျိုးခွဲခြားမှုမရှိဘဲ စည်းမျဉ်းများ အတိုင်းသာ ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ တပ်သားသစ်များစုဆောင်းရရှိရေး အတွက်လည်း စည်းရုံးရေးနည်းနှင့် အသိပညာပေးခြင်းနည်းလမ်းတို့ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်-

(၁) သတ်မှတ်ချက်နဲ့ကိုက်ညီသူများကို တပ်မတော်သို့ဝင်ရောက်လိုပါက တိုင်းဒေသကြီး/ ပြည်နယ်များတွင် စစ်သားစုဆောင်းရေးတပ်၊ နယ်လှည့်စစ်သားစုဆောင်းရေးအဖွဲ့၊ သက်ဆိုင်ရာနယ်မြေခံတပ်ရင်း/တပ်ဖွဲ့များတွင်လည်း တပ်မတော်သို့လည်းကောင်း တပ်မတော်သို့ဝင်ရောက်လိုသော်လည်း ဆက်သွယ်ရန်နည်းလမ်းမသိသေးတဲ့ နိုင်ငံသား လူငယ်များကို အကူအညီပေးနိုင်ရန်အတွက် နယ်မြေဆင်း၍ စည်းရုံးခြင်းလုပ်ငန်းဖြင့် လည်းကောင်း၊ စနစ်တကျစိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။

(၂) တပ်သားသစ်များရရှိရန် အတင်းအဓမ္မစုဆောင်းခြင်းမပြုဘဲ တပ်မတော်သို့ဝင်ရောက် စစ်မှုထမ်းဆောင်လိုပါက ရရှိမည့်အရည်အချင်း၊ လိုအပ်သည့်အထောက်အထားများ၊ ထမ်းဆောင်ရမည့်တာဝန်နှင့် ရရှိမည့်ခံစားခွင့်များကို စည်းရုံးဟောပြောခြင်း၊ လက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှကြေညာခြင်းစသည့် နည်းလမ်း များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သည် စွမ်းရည်ထက်မြက်ပြီး ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်စေရေး၊ တပ်မတော်သားများ၏မူလအခွင့်အရေး တိုးတက်စေရေးအတွက် အလေးထားစဉ်းစားဆွေးနွေးပေးသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်းကောင်း၊ မေးခွန်းတင်သွင်းပါသော စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးတို့ကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားရင်း ကျွန်တော်ရဲ့ဖြေကြားချက်ကို နိဂုံးချုပ်တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ သံလွင်မြစ်ဝ၊ နတ်မှော်ချောင်းဝအနီးတွင် တပ်မတော်(ရေ)မှသိမ်းဆည်းခဲ့သော ကြယ်တံခွန်အမည်ရှိစက်လှေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် ကြယ်တံခွန်စက်လှေကိစ္စဟာ (က)၊ (ခ)၊ (ဂ)၊ (ဃ) ဖြစ်ပါတယ်။ သို့သော် ဒီနေ့ခွင့်ပြုတဲ့ (က) အပိုင်းကိုပဲ မေးပါမယ်။ (က) ပြစ်မှုဆိုင်ရာအမှုများတွင် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားကြောင်းမတွေ့ရှိပါက ယင်းပစ္စည်းကို သိမ်းဆည်းခြင်းခံရသူသို့ပြန်ပေးနိုင်ရန် ညွှန်ကြားချက်များရှိသော်လည်း ၂၀၁၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့က မွန်ပြည်နယ်၊ သံလွင်မြစ်ဝ၊ နတ်မှော်ချောင်းဝအနီးတွင် တပ်မတော်(ရေ)မှ သိမ်းဆည်းခဲ့သော ကြယ်တံခွန်အမည်ရှိစက်လှေအား တပ်မတော်(ရေ)မှ ဆက်လက်သိမ်းဆည်းထားသည်ကို ပြည်ထောင်စုအစိုးရအနေဖြင့်သိပါသလား။ သိရှိလိုပါသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းကို ပြည်သူ့လွှတ်တော်မှတစ်ဆင့်ပေးပို့လာပါတယ်။ ပြစ်မှုဆိုင်ရာအမှုများတွင် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားကြောင်းမတွေ့ရှိပါက ယင်းပစ္စည်းများကို

သိမ်းဆည်းခြင်းခံရသူသို့ပြန်ပေးနိုင်ရန် ညွှန်ကြားချက်များရှိသော်လည်း ၂၀၁၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှာ မွန်ပြည်နယ်၊ သံလွင်မြစ်ဝ၊ နတ်မှော်ချောင်းဝအနီး တပ်မတော်(ရေ) မှသိမ်းဆည်းခဲ့သော ကြယ်တံခွန်အမည်ရှိစက်လှေအား တပ်မတော်(ရေ)မှ ဆက်လက်သိမ်းဆည်းထားသည်ကို ပြည်ထောင်စုအစိုးရအနေဖြင့် သိရှိခြင်းရှိ/မရှိမေးခွန်းပဲဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းတွင်ပါရှိတဲ့ ကြယ်တံခွန် စက်လှေကို အမှတ် (၄၆) စစ်ရေယာဉ်စု၊ အကူရေယာဉ်အုပ်မှ တပ်ကြပ်ကြီး ကျော်သက်စိုး ဦးစီး မိကျောင်း (၀၀၆)ရေယာဉ်မှ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ ၀၇း၀၀ နာရီအချိန်မှာ မော်လမြိုင်မြို့ ဟသ်ာကျွန်းအနီး ဘလောက်တုံးသစ် ၅၀ တန်ခန့်၊ တရားခံ ကျား ၁၂ ဦးတို့နှင့်အတူ ဖမ်းဆီးရမိတဲ့ တရားမဝင်သစ်မှောင်ခိုလှေဖြစ်ပါတယ်။ ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ရေးအဖွဲ့မှ အဆိုပါတရား မဝင်သစ်မှောင်ခိုလှေအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တန်ဖိုးသင့်အခမဲ့နှုန်းဖြင့်လွှဲပြောင်းရယူပြီး စစ်ရေယာဉ်အမှတ်၊ ၃၇၀၀ (ရ) ဖြင့် တပ်မတော်ပိုင်စာရင်းသွင်းယူ၍ မော်လမြိုင်မြို့ရှိ အမှတ် (၄၆) စစ်ရေယာဉ်စု၊ အကူရေယာဉ်အုပ်တွင် ယနေ့အထိ ထိန်းသိမ်းထားလျက်ရှိပါတယ်။

သို့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှာ ထုတ်ပြန်ခဲ့ တဲ့ အမိန့်ကြော်ငြာစာအမှတ်(၂၈/၂၀၁၂) အရဆိုရင် တရားမဝင်ဖမ်းဆီးရမည့် ရေယာဉ်များအား လေလံတင်ရောင်းချခြင်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ခွင့်မရှိတော့တဲ့အတွက် ကြယ်တံခွန် သစ်မှောင်ခိုလှေအား ညွှန်ကြားချက်များနှင့်အညီ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသို့လွှဲပြောင်းအပ်နှံခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြခဲ့ရာ ဥပဒေနှင့် အညီ တရားရုံးဆုံးဖြတ်ချက်အရ နိုင်ငံ့ဘဏ္ဍာသိမ်းရန်ဖြစ်က လွှဲပြောင်းခွင့်ပြုကြောင်း ညွှန်ကြားခဲ့ပါ သဖြင့် ကြယ်တံခွန်သစ်မှောင်ခိုလှေအား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ လွှဲပြောင်းအပ်နှံရေးအတွက် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်လှစ်ပြီး တရားရုံးဆုံးဖြတ်များရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားရုံး ဆုံးဖြတ်ချက်ရရှိသည်နှင့်တစ်ပြိုင်တည်း နိုင်ငံ့ဘဏ္ဍာအဖြစ် အမြန်ဆုံးလွှဲပြောင်းအပ်နှံသွားမည် ဖြစ်ပါကြောင်းပြောကြားရင်း ကျွန်တော်၏ဖြေကြားချက်အား နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ (ဃ) အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုဖို့ ဥက္ကဋ္ဌကြီးကို ခွင့်တောင်းပါတယ်။ အခုမှ တရားရုံးဆုံးဖြတ်ချက်ယူပြီးတော့ လွှဲပြောင်းပေးမယ်ဆိုတဲ့ကိစ္စကိုစဉ်းစားတဲ့အခါမှာ မူလကတည်းက ဒီမှုခင်းမှာပါတဲ့ပစ္စည်းကို ဒီကြယ်တံခွန်စက်လှေကို အစကတည်းက တရားရုံးတင်ပြီးတော့ပို့ရမယ်။ ပြီးရင်တရားရုံးက မှုခင်းပြီးတဲ့အခါမှာ ဒီပစ္စည်းကိုနိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းမလား။ လက်ရှိ ရထိုက်သူကိုပြန်ပေးမလား။ အခြားနည်းဖြင့် သင့်မြတ်တဲ့အမိန့်ကိုချမှတ်နိုင်တယ်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်ရှိရဲ့သားနဲ့ အခုကျမှရုံးမတင်လိုက်တဲ့အတွက် ရုံးတော်ကိုမတင်လိုက်တဲ့အတွက် အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးနောက်ပိုင်းမှာ ဒီလိုဆောင်ရွက်ခြင်းသည် ဥပဒေနဲ့ မညီတဲ့အပြင် နိုင်ငံသားရဲ့အခွင့်အရေးကို ထိခိုက်နစ်နာတာဖြစ်တဲ့အတွက် ဒီလိုအဖြစ်အပျက်မျိုး နောင်မပေါ်ဖို့ အခု ဒီအဖြစ်အပျက်မှာလည်း ဥပဒေရဲ့အဆုံးအဖြတ်ကိုမခံစားရတဲ့ နိုင်ငံသားတွေအတွက် ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်ပေးမလဲဆိုတာကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ထပ်ဆင့်မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေဆိုရန်ရှိပါသလား။ ပြန်လည်ဖြေဆိုရန်မရှိတဲ့အတွက် ဥက္ကဋ္ဌရဲ့သိသမျှ လက်လှမ်းမီသလောက်နဲ့ပြန်ဖြေပါမယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့်မေးတဲ့အတွက်လည်း ဒီလိုဖြေခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အစိုးရကာလမှာ တချို့ အထူးညွှန်ကြားချက်တို့၊ အထူးဥပဒေတို့ ဒီလိုပြဋ္ဌာန်းခဲ့တာတွေရှိပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ပင်လယ်ပြင်မှာအခုလို မှောင်ခိုငါးဖမ်းစက်လှေ၊ မှောင်ခိုအခြားစက်လှေများဖမ်းဆီးမိသည့်အခါ ဆောင်ရွက်ရမည့်နည်းလမ်းနှင့် ညွှန်ကြားချက်များလည်းရှိခဲ့တယ်လို့ အကြမ်းဖျင်းသိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့ ဒီဟာသည် တိတိကျကျမဟုတ်ပေမယ့် ခုနက သက်ဆိုင်ရာကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်ဖြေကြားရန်မရှိတဲ့အတွက် အစပျိုးပြီးတော့ပြောပြခြင်းပဲဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ချက်များကို အမိန့်တွေ၊ ဥပဒေတွေမပယ်ဖျက်သေးဘူးဆိုရင် အဲ့ဒီအတိုင်းဆောင်ရွက်နေတဲ့သဘော ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ယူဆချက်ပါ။ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သို့ရာတွင် ခုနက ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြေကြားချက်ထဲမှာ အစိုးရအဖွဲ့က ဘယ်နေ့ ဘယ်ရက်စွဲနဲ့ ညွှန်ကြားချက်အရ ဆက်လက်ပြီးတော့ ဤကဲ့သို့ဆောင်ရွက်သည်ဆိုခြင်းသည် ပြီးခဲ့တဲ့အမိန့်၊ ညွှန်ကြားချက်များကိုပယ်ဖျက်ပြီး အသစ်ပြဋ္ဌာန်းပေးလိုက်တဲ့ကိစ္စအတွက်ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီအဖြေသည် ကြားဖြတ်ပဏာမအဖြေပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ထပ်ဆင့်မေးတဲ့ ဦးသိန်းညွန့်ရဲ့အမေးကိုဖြေဆိုနိုင်ဖို့ပြင်ဆင်ထားပါ။

ဒီလိုဖြေဆိုတဲ့နေရာမှာလည်း သီးခြားကဏ္ဍတစ်ရပ်အနေနဲ့လာရောက်ဖြေဆိုတာမဟုတ်ဘဲနဲ့ အခုလို မေးခွန်းများမေးမြန်းတဲ့အချိန်ကာလမှာ ဦးသိန်းညွန့်က ဒီလိုမေးထားတယ်။ ဒါကြောင့်မို့လို့ ဒီလိုဖြေပါတယ်ဆိုတာဖြစ်အောင် ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်ပေးပါ။ တစ်ဆက်တည်းပဲ ဦးသိန်းညွန့်ကမေးထားတဲ့မေးခွန်း ၅ ခုဖြစ်ပါတယ်။ သို့သော် ဒီနေ့ Agenda မှာ ၅ ခုထဲက (က) အပိုဒ်ပဲပါတယ်။ ဒီဟာသည် ဒီလိုဆွေးနွေးမှုပဲသိပါတယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့(ခ)ကနေနောက်ပိုင်း မေးခွန်းများရှိတယ်ဆိုလို့ရှိရင်လည်း အခုဖတ်ကြားပြီးတော့ပြောပြပေးပါ။ ဒီအပေါ်မူတည်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ လိုမယ်ဆိုလို့ရှိရင်လည်း ခုနက မေးခွန်းကိုပြန်လည်ဖြေကြားတာနဲ့ အတူ ဆက်လက်ဖြေကြားပေးပို့စီစဉ်ပါမယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျန်တဲ့မေးခွန်းကတော့ (ခ) တရားမဝင်သစ်ခွဲသားများသယ်ဆောင်လာသည့် ကြယ်တံခွန် စက်လှေအား မော်လမြိုင်မြို့နယ်တရားရုံးပြစ်မှုကြီးအမှတ် (၂၆၀/၂၀၁၂) တွင် တရားမဝင်သစ်များ သယ်ဆောင်လာသော လှေပဲ့နင်း ဦးအောင်နိုင်စိုးအပါအဝင် လှေစာရေး၊ လှေသားများအား ပြစ်ဒဏ် ချမှတ်ခြင်း၊ သစ်များအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း စီရင်ဆုံးဖြတ်ခဲ့သော်လည်း စက်လှေ ပိုင်ရှင်နှင့် စက်လှေကို ပြစ်မှုနဲ့ညှိစွန်းခြင်းမရှိသည့်အတွက် ပြစ်မှုတွင်ထည့်သွင်းစွဲဆိုခဲ့ခြင်းမရှိသည်ကို လည်း ပြည်ထောင်စုအစိုးရအနေနဲ့သိပါသလား။ (ဂ) ကြယ်တံခွန်စက်လှေမှာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ တပ်မတော်(ရေ)တွင် ဆက်လက်သိမ်းဆည်းထိန်းသိမ်းထားခြင်းကြောင့် စက်လှေကို မှီခို၍နေထိုင်စားသောက်နေရသော မိသားစုများတွင် စားဝတ်နေရေးအခက်အခဲရှိသောကြောင့် အဆိုပါစက်လှေအား ပိုင်ရှင်ဖြစ်သူထံပြန်လည်လွှဲပြောင်းပေးရန်အစီအစဉ်ရှိပါသလား။ (ဃ) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ဆောင်ရွက်ပေးပါမည်နည်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်မေးခွန်းများကိုတင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေနဲ့ အခုမေးတဲ့ မေးခွန်းများကိုမှတ်သားပြီး ထပ်ဆင့်မေးခွန်းနှင့်အတူ တစ်ပါးတည်း အလျဉ်းသင့်တဲ့ရက်မှာဖြေဆိုဖို့ ဖြစ်ပါတယ်။ အလျဉ်းသင့်တဲ့ရက်ဆိုသည်မှာ အခု ပြည်သူ့လွှတ်တော်မှာ မေးခွန်းများမေးမြန်းခြင်း၊ ဖြေဆိုခြင်းအခန်းကဏ္ဍမှာ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေမယ်ဆိုတဲ့အချိန်မှာ ဒါတွေပါတစ်ပေါင်း တစ်စည်းတည်းဖြေဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဂါရဝပြုလျက် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အန္တရာယ်ကင်းကြပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ စစ်တွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုဖြစ်ပါတယ်။ ပွင့်လင်းမြင်သာသည့် ဝေါဟာရသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အလွန်ရေပန်းစားနေပါသည်။ ကာကွယ်ရေးနည်းဗျူဟာများဖြင့် ပွင့်လင်းမြင်သာသော မဆောင်ရွက်နိုင်သော်လည်း နည်းဗျူဟာတစ်ရပ်အနေဖြင့် အနောက်တံခါးကာကွယ်ရေးတွင် ဒေသခံရခိုင်တိုင်းရင်းသားများကိုကာကွယ်ပေးရန် တပ်မတော်တစ်ခုဖွဲ့စည်းသင့်ပါတယ်။ ဒေသခံတိုင်းရင်းသားများသည် မိမိဒေသနှင့် မိမိဘာသာသာသနာတော်ကို သမိုင်းနှင့်ချီ၍ စောင့်ရှောက်လာခဲ့ပါသည်။ ဘင်္ဂါလီများနှင့် အနီးကပ်နေထိုင်သဖြင့် သူတို့၏စာရိတ္တအခြေအနေအရပ်ရပ်ကို တခြားတိုင်းရင်းသားများထက် ပို၍သိမြင်ပါသည်။ လက်တွေ့အားဖြင့် လက်ထဲတွင် ကာကွယ်ရန်လက်နက်အင်အားမရှိဘဲ ဇီဇနှလုံးဇဖြင့် ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။ သွေးမရောသော ကာကွယ်နိုင်သည့်နည်းကို ဘင်္ဂါလီများကိုမနိုင်ဘဲနဲ့ မွေးဖွားမှုအင်အားကများနေပါတယ်။ သူတို့နှင့်မယှဉ်နိုင်ဘဲ လူအင်အားဖြင့် ခြိမ်းခြောက်ခြင်းကို လက်နက်မဲ့ ကျွန်တော်တို့ကခံနေရပါတယ်။ စစ်တွေမြို့တွင် ဘင်္ဂါလီကျေးရွာများတွင် စီမံကိန်းဖြင့်စတင်ခဲ့သည့်အခါ ယခုဖမ်းဆီးခံနေရသော ဘင်္ဂါလီခေါင်းဆောင်များမှ ကြက်တူရွေးများကို စကားသင်ပြသည့်အလား သူတို့လိုတဲ့ဝေါဟာရကို ကလေးငယ်များကို မရပ်မနားအော်ခိုင်းစေရန်အမိန့်ပေးပြီး လက်မောင်းလက်သီးတန်း၍အော်နေရပါသည်။ လုံခြုံရေးသမားများထွက်ပြေးရသည့်အထိခဲနဲ့ပေါက်သည်။ ဒဏ်ရာပြင်းထန်စွာရရှိပြီး နိုင်ငံတော်စီမံကိန်းကို ပျက်စီးခဲ့ပါတယ်။ လဝကဝန်ထမ်းများ၏ ဖုန်းများကိုလုပြီးတော့ပြေးကြပါတယ်။ တစ်ဖက်တွင် လူအင်အားကို အသုံးချ၍ Danger နယ်မြေဟု မြန်မာနိုင်ငံတော်၏ တပ်မတော်သည် နိုင်ငံခြားသားများကျူးကျော်ခြင်းကိုသည်းခံမည်မဟုတ်ဟု ဆောင်ပုဒ်ကို ဘင်္ဂါလီခြေထောက်ဖြင့်ဖျက်ဆီးခဲ့ပါတယ်။ စစ်တွေမြို့တွင် လုံခြုံရေးကင်းမဲ့နေပါသည်။ ဘင်္ဂါလီများမဲပေးခွင့်ရရန် တာဝန်ရှိသူအငြိမ်းစားများမှ လာဘ်ငွေရရှိရေးအတွက် အဖြူကတ်များကိုလုပ်ခိုင်းကြောင်းဝန်ခံခဲ့ပါတယ်။ အဲ့ဒီအဖြူကတ်ဟာ ရခိုင်ပြည်နယ်အတွင်း ဘာမှအသုံးမဝင်ကြပါဘူး။ လာဘ်ငွေတစ်ခုတည်းရရှိဖို့ မျှော်မှန်းပြီးလုပ်ခဲ့တယ်ဆိုတာကို အဲ့ဒီ ဝန်ထမ်းကဝန်ခံခဲ့ပါတယ်။ စစ်တွေ၏လုံခြုံရေးသည် နတ္ထိဘဝရောက်နေပါသည်။ အလားတူ ရခိုင်ပြည်နယ်၏လုံခြုံရေးသည် စစ်တွေနှင့်အတူ အဓိပ္ပာယ်ကင်းမဲ့နေပါသည်။ ဘင်္ဂါလီတို့သည် ဒေသခံနှင့်အတူနေရခဲသော ရခိုင်တို့၏ဇီဇနှလုံးသားကို လက်နှင့်မထိ မကြောက်

ကြသော်လည်း ရွံ့ရှာမုန်းတီးပါသည်။ ရခိုင်အများစုပါဝင်သော တပ်ရင်း ၃၁ BGF 35 **ဖာရိုက်** Burma Territorial Force မောင်တောတွင် တာဝန်ကျနေစဉ် ဖဆပလမှမြောက်ပေးနေသော ဘင်္ဂါလီအမှိုက်တချို့ ငွေထုပ်ဖြင့်ပစ်ဖောက်၍ ၎င်းတပ်ကိုပြောင်းရွှေ့ရန်ခိုင်းခဲ့ပါသည်။ တပ်ရင်း ၃၁ BGF သံဖြူဇရပ်နှင့် သံတွဲမြို့များသို့ပြောင်းခဲ့ရပါသည်။ ဘင်္ဂါလီအလိုကျ ဂလပ်ဆို့ ခေါ် မူဂျာဟစ်လက်နက်ကိုင်သူပုန် မောင်တော၊ ရခိုင်ကျေးရွာများ၊ ဘူးသီးတောင်၊ ရခိုင်ကျေးရွာများသို့ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးလျက် ကျောင်း၊ ကန်၊ ဘုရားများကိုဖျက်ဆီး၍ လူမဆန်စွာပြုကျင့်ခဲ့ပါတယ်။ ရွာပေါင်း ၃၀၀ ကျော်မျှ အရှေ့ဘက်သို့တိမ်းရှောင်ခဲ့ရပါသည်။ ရခိုင်လက်နက်ကိုင်အင်အားနှင့်တပ်မတော်သားများတိုက်ထုတ်၍ မူဂျာဟစ်ခေါင်းဆောင် ကာဆင် ပါကစ္စတန်နိုင်ငံသို့ထွက်ပြေးသွားပါတယ်။ မြန်မာအဖြစ် သူပုန်ခေါင်းဆောင် ကာဆင် သံရုံးမှတစ်ဆင့်တောင်းခဲ့ရာ သူတို့ဆီမှမပေးသည့်အပြင် ဘွဲ့များချီတ်ဆွဲပြီး ပါကစ္စတန်တွင်နေခွင့်ပြုခဲ့ပါတယ်။ ယခုဆိုလျှင် မြန်မာနိုင်ငံကိုလက်ရှိ ၅၇ နိုင်ငံကွာရှင်တွင် မြန်မာနိုင်ငံ ၅၈ နိုင်ငံဖြစ်ရန်ကြိုးစားနေပါသည်။ မြန်မာနိုင်ငံအချို့ဒေသများမှ ရိပ်မိပြီး၊ သတိရပြီး ရခိုင်ပြည်နယ်တွင်ဖြစ်ခဲ့သည့် ၉ လမြောက်နောက်ပိုင်းတွင်စတင်ပြီးလှုပ်ရှားခဲ့ပါသည်။ မြန်မာကို ဘင်္ဂါလီတွေ ကြောက်လန့်လာပါတယ်။ ဘင်္ဂါလီတွေမှာငြိမ်းချမ်းစွာအတူလက်တွဲရန်ကြွေးကြော်ပြီး ဖွဲ့စည်းရေးများဆောင်လာပါတယ်။ နိုင်ငံတော်အလံကိုဘာသာရေးအရဆိုပြီး အလေးမပြုခြင်း၊ မြန်မာများကို ဘာသာရေးအရ မုန်းတီးခြင်းတို့သည် သူတို့ရဲ့မပျောက်ပျက်နိုင်သောစာရိတ္တဖြစ်ပါသည်။ ပွင့်လင်းမြင်သာနိုင်သော ရခိုင်အများစုဝင်ပြီး ရခိုင်တပ်မတော်တစ်ခုမဖွဲ့သရွေ့ ဘင်္ဂါလီများတည်ငြိမ်အေးချမ်းမှုမရှိပါ။ ကုလသမဂ္ဂကိုယ်စားလှယ်မှတစ်ဖက်သတ် ဘင်္ဂါလီများကိုစုံစမ်းပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုဝင်စွက်ခဲ့ပါတယ်။ ပြည်တွင်းတွင် တည်ဆဲဥပဒေ ၁၉၈၂ ခုနှစ်အရစိစစ်၍ စွဲတင်စစ်စီမံကိန်းကိုစတင်ပြီး ပြည်တွင်းမှဥပဒေအတိုင်းသာဆောင်ရွက်သင့်ပါသည်။ နိုင်ငံတကာတွင်လည်း ပြည်တွင်းဥပဒေဆိုင်ရာများကိုအခြေခံ၍ နိုင်ငံခြားသားများခိုးဝင်မလာနိုင်အောင်စီစဉ်ခဲ့ပါတယ်။ ဘင်္ဂါလီများကို လွှတ်တော်မှသတ်မှတ်ခဲ့သည့် အစ္စလာန်ဘာသာကိုးကွယ်သည့် ဘင်္ဂါလီလူမျိုးဟုသာ တရားဝင်သတ်မှတ်သင့်ပါတယ်။ တရားမဲ့စွာဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်စွက်နေသောနိုင်ငံများကို အလေးဂရုမပြုသင့်ပါ။ ပွင့်လင်းမြင်သာသော ရခိုင်တပ်မတော်ကာကွယ်ရေးတပ်တစ်ခုဖွဲ့စည်းပါမှ တည်ငြိမ်သွားပါမည်။ တစ်နေ့တွင် ဒီမိုကရေစီနှင့်အညီ ပြည်ထောင်စုတပ်မတော်တစ်ခုဖြစ်မည်ဟုမျှော်လင့်မိပါသည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားပေးပါရန် နံပါတ်(၁) ရခိုင်ပြည်နယ် အနောက်တံခါးလုံခြုံရေးအတွက် ရခိုင်တပ်မတော်တစ်ခု

ဖွဲ့စည်းရန်အစီအစဉ်ရှိပါသလား။ နံပါတ်(၂) အစီအစဉ်ရှိပါက အမြန်ဆုံးဖွဲ့စည်းပေးပါရန် လိုလား ကြောင်းတောင့်တပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၏ ရခိုင်ပြည်နယ်အနောက်တံခါး လုံခြုံရေးအတွက် ရခိုင်တပ်မတော်တစ်ခု ဖွဲ့စည်းရန်အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို ပြည်သူ့လွှတ်တော်မှပေးပို့လာပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညို၏ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာပဲဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်း ထားသောနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သမိုင်းကြောင်းအရပင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နေရာဒေသအသီးသီးတွင်ရောနှောနေထိုင်လာခဲ့ကြပြီး သီးခြားလူမျိုးစုအနေဖြင့် ရပ်တည်နေထိုင်မှု နည်းပါးသည်ကို လူဦးရေစစ်တမ်းများအရတွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်မှာ လူဦးရေမျိုးနွယ်စု အလိုက် ပြန့်နှံ့နေထိုင်မှုမှာ ရခိုင်၊ ခမီ၊ ဒိုင်းနက်၊ မြို၊ သက်၊ မရမ္မာကြီး၊ ကမန်၊ ချင်း၊ ဗမာ၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရှမ်း၊ ဟိန္ဒူ(အိန္ဒိယ)၊ ကသည်း၊ ဘင်္ဂါလီ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် တရုတ်တို့ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွက် အနောက်တံခါးလုံခြုံရေးဆိုတဲ့ ဝေါဟာရကတော့ ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် မောင်တောဒေသ၌ဆူပူ အကြမ်းဖက်မှုအချို့ဖြစ်ပွားပြီးနောက် ကျယ်ပြန့်စွာ ထွက်ပေါ်လာခဲ့တဲ့ ယင်းကာလမတိုင်မီအထိ သာမန်အရပ်သားများအနေဖြင့် အနောက်တံခါး လုံခြုံရေးဟူသောဝေါဟာရကိုသိရှိမှုနည်းပါးခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံ့ခေါင်းဆောင်များ၊ တပ်မတော် အကြီးအကဲများသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ချိန်မှစ၍ အနောက်တံခါးလုံခြုံရေးအတွက် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သည်ကို ရွှေကျားမင်းစစ်ဆင်ရေး၊ နေမင်းစစ်ဆင်ရေး၊ လမင်းအောင် စစ်ဆင်ရေး၊ သောင်းလုံးအောင်စစ်ဆင်ရေး၊ တိုင်းလုံးဟိန်း စစ်ဆင်ရေးနှင့် တိုင်းရန်အောင် စစ်ဆင်ရေးများက သက်သေခံလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေရှည်မျှော်မှန်းပြီးတော့ ရခိုင်ပြည်နယ်အတွင်း တပ်ရင်း/တပ်ဖွဲ့များအား ၁၉၈၈ ခုနှစ်မတိုင်မီ

ကာလထက် တပ်မတော်အစိုးရလက်ထက်တွင် အဆများစွာတိုးချဲ့ဖွဲ့စည်းဖွင့်လှစ်ခဲ့ပြီး လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်စေလျက်ရှိပါတယ်။ ဒါ့အပြင် ဒေသလုံခြုံရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက် တိုင်းရင်းသားကျေးရွာများတွင် ကျေးရွာပြည်သူ့စစ်များဖွဲ့စည်းထား ရှိပါတယ်။ လက်နက်တပ်ဆင်ထားသည့် ကျေးရွာပြည်သူ့စစ်များအား မောင်တောမြို့နယ်အတွင်း ဗန္ဒုလကျေးရွာ၊ တပ်ချောင်းကျေးရွာ၊ ဝေလာတောင်ကျေးရွာတို့တွင် ကျေးရွာတစ်ရွာလျှင် အမာခံ ၁၀ ဦး၊ အရံ ၂၀ ဦး၊ ပေါင်း ၃၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး မိမိလုံခြုံရေးတပ်ရင်း/တပ်ဖွဲ့များနှင့်အတူ နယ်မြေ ဒေသလုံခြုံရေးကိုပါ ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ တပ်မတော်(ရေ)မှလည်း မြန်မာနိုင်ငံ အနောက်ပိုင်းခရိုင်ပြည်နယ်ရှိ နိုင်ငံတော်ပင်လယ်ပြင်နယ်နိမိတ်ဖြစ်သော အခြေခံမျဉ်းမှ သီးသန့် စီးပွားရေးဇုန်အထိ ပင်လယ်ပြင်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်၊ တရားဥပဒေစိုးမိုးမှုရှိစေရန်၊ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားများအား ကာကွယ်ရန်စသည်တို့ အတွက် စစ်ရေယာဉ်များဖြင့် ပုံမှန်တိုက်ကင်းလှည့်ခြင်း၊ ရှောင်တခင်တိုက်ကင်းလှည့်ခြင်းများဖြင့် ရေပြင်လုံခြုံရေးကိုဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အနောက်တံခါးလုံခြုံရေး အတွက် ရခိုင်ပြည်နယ်အတွင်း တပ်ရင်း/တပ်ဖွဲ့များလုံလောက်စွာဖွဲ့စည်းထားရှိမှု၊ တပ်မတော် အနေဖြင့် ပြည်ထောင်စုတပ်မတော်တစ်ခုတည်းရှိရေးနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိမှု၊ လက်ရှိတပ်မတော်တွင်လည်း တိုင်းရင်းသားအားလုံးစုစည်းပါဝင်နေမှုစသည်တို့ကြောင့် သီးခြားရခိုင်တပ်မတော်တစ်ရပ်ဖွဲ့စည်းပေး ရန်လိုအပ်ခြင်းမရှိပါကြောင်းပြောကြားရင်း ကျွန်တော်၏ဖြေကြားချက်အား နိဂုံးချုပ်တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြု ပြီးသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၈-၇-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နဲ့ ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန်ဖြန့်ဝေထားကြောင်း အသိပေးတင်ပြပါတယ်။

## အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်မရှိ အတည်ပြုချက်ဖြင့်ပေးပို့သော မြစ်ကျဉ်းသွားလာမှု အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြုချက်ဖြင့် ပေးပို့လာသော မြစ်ကျဉ်းသွားလာမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့လာသော မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး၊ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ပို့ဆောင်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများအနက် မြစ်ကျဉ်းသွားလာရေးအက်ဥပဒေသည် လက်ရှိအခြေအနေအရ ခေတ်နှင့်လိုက်လျောညီထွေမှု မရှိတော့ပါသဖြင့် ပြင်ဆင်ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့် မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်နိုင်ရန် ၈.၇.၂၀၁၃ ရက်နေ့မှာ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြပါတယ်။ ယင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များ၊ ရေကြောင်းဖွံ့ဖြိုးတိုးတက်မှု

ကော်မတီမှအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

၄။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေ သည် ၁၉၀၇ ခုနှစ် က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပါသည်။ ယခုတင်သွင်းလာသော ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပုဒ်မ ၅ ခု ပါရှိပြီး၊ မူလအက်ဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မ ၂၊ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ တို့ကို ခေတ်နှင့်လျော်ညီစေရန်စကားရပ်များ ပြင်ဆင်အစားထိုးထားခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ထို့ကြောင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးခဲ့သည့် ၍ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ပြင်ဆင်ချက်မရှိ သဘောတူခဲ့ပါသည်။

၆။ သို့ပါ၍ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီလွှတ်တော်သို့ အစီရင်ခံတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## မြစ်ကျဉ်းသွားလာမှု အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြစ်ကျဉ်းသွားလာမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၂၉-၇-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန်ဖြစ်ပါ တယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၄) ရက်မြောက်နေ့ကို ရပ်နားပါ မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို အချိန်မီ

အကြောင်းကြားပါမယ်။ ယနေ့ သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။

(သြဘာသံများ)

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ၁၃း၁၅ အချိန်နာရီတွင်ရပ်နားပါသည်။**]**